နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မော်လမြိုင်ကျွန်းမြို့နယ် ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

◆ *ရှေ့ဖုံးမှ*

ဝန်ကြီး ဦးသိန်းညွန့်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်တို့က မော်လမြိုင်ကျွန်းမြို့နယ် ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များ၊ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဆေးရုံဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဆေးရုံအဆောက်အအုံ ကမ္ပည်းမော်ကွန်းကျောက်ပြားကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆေးရုံအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဆေးရုံဖွင့်ပွဲအခမ်းအနား အစီအစဉ်များကို ဆေးရုံဝင်းအတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ ဆက်လက်ကျင်းပသည်။

မြင့်မားတိုးတက်

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် နာဂစ်မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့ရသော ခုတင်(၅၀) ဆေးရုံကြီးကို ခုတင်(၁၀၀) ဆေးရုံသစ်ကြီးအဖြစ် အဆင့်မြှင့်တင်တိုးချဲ့တည်ဆောက်ခဲ့ရာ ပြီးစီးသွားပြီဖြစ်သဖြင့် ကျင်းပသော ဖွင့်ပွဲအခမ်းအနားပင်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၏ နာဂစ်မုန်တိုင်းသင့်ဒေသများတွင် လပွတ္တာခုတင်(၂၀၀) ဆေးရုံကြီး၊ ဖျာပုံမြို့နယ် ခုတင်(၂၀၀) ဆေးရုံကြီးနှင့် ပြင်စလူမြို့နယ်ခွဲ (၂၅) ခုတင်ဆေးရုံတို့ကို ယမန်နှစ်အတွင်းက ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ဤဆေးရုံကြီးနှင့် ဘိုကလေးမြို့နယ် ဆေးရုံသစ်ကြီးတို့ကို ဖွင့်လှစ်နိုင်ပြီဖြစ်သည့်အတွက် ဒေသခံပြည်သူများအတွက်လည်း ဝမ်းမြောက်ဖွယ်ရာ အောင်မြင်မှုတစ်ရပ်ပင်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆေးရုံသစ်ကြီးများ ဖွင့်လှစ်ပေးနိုင်သည့်အတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့၏ ခရိုင်၊ မြို့နယ်များအတွင်းမှာပင် ဆေးဝါးကုသနိုင်တော့မည်ဖြစ်၍ ဤဒေသကြီး၏ ကျန်းမာရေး စောင့်ရှောက်မှုအဆင့်အတန်းသည်လည်း မူလအခြေအနေထက် ပိုမိုသာလွန် မြင့်မားတိုးတက်လာတော့မည် ဖြစ်ကြောင်း။

နာဂစ်မုန်တိုင်းလွန်ကာလ ပြန်လည်ထူထောင်ရေးနှင့် ရေရှည်သဘာဝဘေးဒဏ် ကာကွယ်ရေးလုပ်ငန်းများကို ဒေသဖွံ့ဖြိုးရေးနှင့် ဒွန်တွဲဆောင်ရွက်ခဲ့သည့်အတွက် ယနေ့ ဧရာဝတီတိုင်းဒေသကြီးသည် အတိတ်ကာလအခြေအနေများနှင့် မည်သို့မျှ နှိုင်းယှဉ်၍မရနိုင်အောင် ဘက်စုံကဏ္ဍစုံတွင် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနေသည်ကို ပြည်သူများ မျက်မြင်ကိုယ်တွေ့ တွေ့မြင်နေကြရပြီဖြစ်ကြောင်း၊ ယနေ့အချိန်တွင် ခုတင်(၁၀၀) ဆေးရုံကြီးအဆင့်သို့ အဆင့်မြှင့်တင်ပေးခဲ့သည့်အတွက် ဆေးရုံအုပ် တစ်ဦး၊ အထူးကုဆရာဝန် သုံးဦး၊ အထူးကု(လက်ထောက်ဆရာဝန်) လေးဦး၊ လက်ထောက်ဆရာဝန် ၁၅ ဦး၊ သူနာပြု ၁၁ ဦး၊ အခြားဝန်ထမ်း ၁၉ ဦး စုစုပေါင်း ၅၃ ဦး ခန့်အပ်ထားပြီးဖြစ်ကာ မြို့နယ်အတွင်းရှိ ရပ်ကွက် ၁၃ ခု၊ ကျေးရွာပေါင်း ၅၈၃ ရွာ၊ လူဦးရေပေါင်း သုံးသိန်းကျော်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုပြည့်ဆည်းဆောင်ရွက်ပေးနိုင်တော့မည် ဖြစ်ကြောင်း။

နေ့ချင်းပေါက်

ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် သဘာဝပထဝီအနေအထားအရ မြစ်၊ ချောင်း၊ အင်း၊ အိုင် ပေါများလှသည့်အတွက် တစ်နေရာနှင့်တစ်နေရာ သွားလာကြရာတွင် ယခင်က ရေလမ်းကြောင်းကိုသာ အဓိကအားထားခဲ့ရကြောင်း၊ ယခင်က ပုသိမ်မှ ရန်ကုန်သို့သွားလာရာတွင် ရေလမ်းခရီးဖြင့် အနည်းဆုံး ၁၈ နာရီကြာ သွားလာခဲ့ကြရာမှ ယခုဆိုလျှင် မော်တော်ကားစီးပြီး လေးနာရီဖြင့် အရောက်သွားနိုင်ပြီဖြစ်သည့်အတွက် မြစ်ချောင်း အတားအဆီးမရှိတော့ဘဲ နေ့ချင်းပေါက် ခရီးရောက်နိုင်ကြပြီ ဖြစ်ကြောင်း။

ထို့ပြင် နာဂစ်မုန်တိုင်းလွန် ပြန်လည်ထူထောင်ရေး စီမံကိန်းအနေဖြင့် လမ်းမကြီး ၁၀ လမ်း ပါဝင်သော မြစ်ဝကျွန်းပေါ် လမ်းကွန်ရက်ကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးခဲ့သည့်အတွက် မူလရှိပြီးလမ်းများနှင့် ပေါင်းစည်းလိုက်လျှင် ရေလမ်းခရီးသာ အားကိုးအားထားပြုခဲ့ရသော တိုင်းဒေသကြီးတစ်ခုလုံးကို မော်တော်ကားလမ်းကွန်ရက်များဖြင့် ဖြန့်ကြက်လွှမ်းခြုံထားနိုင်ပြီဖြစ်ကြောင်း၊ ယခင်က လမ်းမိုင် ၄၀၀ကျော်သာရှိခဲ့သော ဧရာဝတီတိုင်းဒေသကြီးသည် ယခုလမ်းမိုင် ၁၀၀၀ကျော်အထိ တိုးတက်လာခဲ့သည့်အတွက် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တိုင်းကို မော်တော်ကားဖြင့် နာရီပိုင်းအတွင်းသွားလာနိုင်နေပြီဖြစ်ကြောင်း။

ဆက်တိုက်ပေါ်ထွန်းလာ

မကြာမီကဖွင့်လှစ်ပေးခဲ့သည့် ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီးမှတစ်ဆင့် အထက်မြန်မာပြည် တစ်နံတစ်လျားကိုလည်း ရာသီမရွေး သွားလာနိုင်ပြီဖြစ်သည့်အပြင် ဖောက်လုပ်နေပြီဖြစ်သည့် ဇလွန်-ညောင်တုန်း-လှိုင်သာယာ-ပုသိမ် ရထားလမ်း၊ ပုသိမ်-အိမ်မဲ-ညောင်တုန်းရထားလမ်း၊ ပုသိမ်-ကြံခင်း-ပခုက္ကူ-ကလေး ရထားလမ်းတွေကြောင့် ရထားစီးပြီး စိတ်အေးချမ်းသာစွာ ကုန်ကျစရိတ် သက်သက်သာသာဖြင့် သွားလာနိုင်ကြတော့မည်ဖြစ်ကြောင်း၊ မြစ်၊ ချောင်း၊ အင်းအိုင် လွန်စွာပေါများလှသည့် ဧရာဝတီတိုင်းဒေသကြီးသည် မော်တော်ကားလမ်း ဖောက်လုပ်ရန် ခက်ခဲလှသကဲ့သို့ ရထားလမ်းဖောက်လုပ်ရန်လည်း အခက်အခဲများစွာရှိခဲ့ကြောင်း၊ ယခု ဧရာဝတီတိုင်းဒေသကြီး၏ သဘာဝအတားအဆီးများကြောင့် ခေတ်အဆက်ဆက် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့သော မော်တော်ကားလမ်း၊ ရထားလမ်းများသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်ရောက်မှပင် အရှိန်အဟုန်ဖြင့် ကွန်ရက်သဖွယ် စဉ်တိုက်ဆက်တိုက် ပေါ်ထွန်းလာသည်ကို ဝမ်းမြောက်ဖွယ်ရာ တွေ့မြင်ကြရမည် ဖြစ်ကြောင်း။

ယခုကဲ့သို့ လမ်းကွန်ရက်များ ဖြန့်ကြက်လွှမ်းခြုံ ပေါ်ပေါက်လာအောင် ရာဇူဒိုင်တံတား အမှတ်(၁)နှင့် အမှတ်(၂) အပါအဝင် ပေ ၁၈၀ အထက် တံတားကြီးပေါင်း ၆၀ကျော်အထိ တိုးမြှင့်တည်ဆောက်ပေးခဲ့ရကြောင်း၊ ဆက်လက်ပြီးလည်း မော်တော်ကားရော ရထားပါ ဖြတ်သန်းသွားလာနိုင်မည့် ညောင်တုန်းတံတားကြီးကို တည်ဆောက်နေကြောင်း၊ ယခင်က ဧရာဝတီတိုင်းဒေသကြီး၏ အခြေအနေသည် "မြေပေါ်တွင် စပါးရှိ၊ ရေထဲမှာ ငါးရှိ၊ သို့သော် ဧရာဝတီတွင် တံတားမရှိ"ဟူ၍ ပြောစမှတ်ပြုရလောက်အောင် ရေတစ်ပိုင်း၊ ကုန်းတစ်ပိုင်း၊ လှည်းတစ်တန် လှေတစ်တန် ဖြတ်သန်းခဲ့ကြရသည့် အနေအထားမှ ယခုဆိုလျှင် တံတားကြီး/ငယ်ပေါင်းများစွာဖြင့် *စာမျက်နှာ ၄ ကော်လံ ၁*

ပေးအပ်

TZTM Co. အုပ်ချုပ်မှုဒါရိုက်တာဦးသက်လင်း မော်လမြိုင်ကျွန်းမြို့နယ် ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးနှင့် ပတ်သက်သည့် စာရွက် စာတမ်းများကို ဧရာဝတီတိုင်းဒေသကြီးကျန်းမာရေး ဦးစီးမှူး ဒေါက်တာအေးကိုကိုထံ ပေးအပ်စဉ်။

(သတင်းစဉ်)

နာဂစ်မုန်တိုင်းလွန်ကာလ ပြန်လည်ထူထောင်ရေးနှင့် ရေရှည် သဘာဝ ဘေးဒဏ် ကာကွယ်ရေးလုပ်ငန်းများကို ဒေသဖွံ့ဖြိုးရေးနှင့် ဒွန်တွဲဆောင်ရွက်ခဲ့သည့်အတွက် ယနေ့ ဧရာဝတီတိုင်း ဒေသကြီးသည် အတိတ်ကာလ အခြေအနေများနှင့်မည်သို့မျှ နှိုင်းယှဉ်၍ မရနိုင်အောင် ဘက်စုံ ကဏ္ဍစုံတွင် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနေသည်ကို ပြည်သူများ မျက်မြင် ကိုယ်တွေ့ တွေ့မြင်နေကြရပြီ။

မော်လမြိုင်ကျွန်းမြို့နယ် ခုတင်(၁၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

14-1 (03).pmd 1 1/14/2011, 2:21 AM

စာမျက်နှာ ၃ မှ

ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကောင်းများ ရရှိပိုင်ဆိုင်နေပြီဖြစ်ကြောင်း၊ မော်လမြိုင်ကျွန်းမြို့နယ် တစ်ခုတည်းကိုပင် ပြန်ကြည့်လျှင် ယခင်က ရေပတ်လည်ဝန်းရံနေသည့်အတွက် ဒေသတွင်း ထီးတည်းဖြစ်နေခဲ့ကာ ရေလမ်းကြောင်းကိုသာ အားထားခဲ့ရာမှ ယခုဆိုလျှင် တံတားကြီးများ ပေါင်းကူးပေးလိုက်ပြီဖြစ်သည့်အတွက် အရပ်လေးမျက်နှာကို မော်တော်ကားဖြင့် သွားလာနိုင်သည့် အခြေအနေသစ်တစ်ရပ်ကို ရောက်ရှိနေပြီဖြစ်ကြောင်း။

အပြိုင်အဆိုင်

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို ရယူထမ်းဆောင်ခဲ့ချိန်က စပြီး နှစ်ပေါင်း(၂၀)ကျော်ကာလအတွင်း နယ်စပ်ဒေသများနှင့် အစွန်အဖျားပါမကျန် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းများအားလုံး ကွက်လပ်မရှိ ဟန်ချက်ညီညီ အပြိုင်အဆိုင် ဖွံ့ဖြိုးတိုးတက်လာအောင် ရေတို၊ ရေရှည် စီမံကိန်းအဆင့်ဆင့်ဖြင့် လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရကြောင်း၊ ယခုကဲ့သို့ နယ်မြေဒေသအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု ပိုင်းခြားသတ်မှတ်ပြီး ဆောင်ရွက်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်၊ ဟင်္သာတနှင့် မအူပင်ဟူသည့် ဒေသကြီး သုံးခုကို ဗဟိုပြုပြီး အရှိန်အဟုန်ဖြင့် ဘက်စုံလွှမ်းခြုံ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်နေကြောင်း၊ ဖွံ့ဖြိုးရေးဒေသများအလိုက် တက္ကသိုလ်များ အပြိုင်အဆိုင် ပေါ်ထွန်းလာပြီဖြစ်သည့်အတွက် ဒေသခံမျိုးဆက်သစ် လူငယ်များအနေဖြင့်လည်း အဆင့်မြင့်ပညာများကို ကိုယ့်ဒေသအတွင်းမှာပင် လက်လှမ်းတမီ သင်ယူခွင့်ရရှိနေကြပြီဖြစ်ကြောင်း။

နာဂစ်မုန်တိုင်းလွန် ပြန်လည်ထူထောင်ရေးနှင့် တစ်ဆက်တစ်စပ်တည်းမှာပင် စာသင်ကျောင်းပေါင်း ဖ၈၈ကျောင်း ပြန်လည် တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ စာသင်ကျောင်း ၁၃ကျောင်း အသစ်ဖွင့်လှစ်ပေးခဲ့ပြီး စာသင်ကျောင်း ၁၅၄ကျောင်းကို အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ကာ တွဲဖက်ကျောင်း ၁၃ ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်မြင့်မားစေရန် အတွက်လည်း ဆေးရုံ၊ ကျန်းမာရေးဌာန၊ ကျန်းမာရေးဌာနခွဲပေါင်း ၁၇၀အထိ ပြန်လည် တည်ဆောက်ပေးခဲ့ပြီး ဆေးရုံ၊ ကျန်းမာရေးဌာနပေါင်း ၁၂ခုကို အဆင့်တိုးမြှင့် ပေးကာ ကျန်းမာရေးဌာနနှင့် ဌာနခွဲပေါင်း ၁၇ခုကို အသစ်တိုးချဲ့ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း၊ တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည့် ဆေးရုံကြီးများ၌လည်း အထူးကုဆရာဝန်ကြီးများထားရှိပေးပြီး ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်း ပိုမိုမြင့်မားလာအောင်ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍ၏ အဓိကအုတ်မြစ်ဖြစ်သော အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသည့် လူ့စွမ်းအား

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မော်လမြိုင်ကျွန်းမြို့နယ် ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လိုအပ်ကြောင်း၊ လယ်ယာကဏ္ဍထုတ်ကုန်များကို အခြေခံသည့် စက်မှုလုပ်ငန်း၊ သစ်တောထွက်ပစ္စည်းများကို အခြေခံသည့် စက်မှုလုပ်ငန်း၊ ငါး၊ ပုစွန်၊ ရေထွက်ပစ္စည်းများကို အခြေခံသော စက်မှုလုပ်ငန်းများသည် ဧရာဝတီတိုင်းဒေသကြီးတွင် လက်ရှိအခြေအနေထက် ပိုမိုအောင်မြင်ဖြစ်ထွန်းနိုင်သည့် အလားအလာကောင်းများ ရှိနေကြောင်း။

နိုင်ငံတော်အပိုင်းမှ ငွေကုန်ကြေးကျ မြောက်မြားစွာအကုန်အကျခံပြီး မော်တော်ကားလမ်း၊ ရထားလမ်းနှင့် တံတားပေါင်းများစွာကို တည်ဆောက်ပေးခဲ့ပြီးဖြစ်ရာ ဒေသထွက်ကုန်များကို အလွယ်တကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်သည့် ကုန်ထုတ်လမ်းမကြီးများအဆင့်သို့ ရောက်ရှိလာနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းဆောင်ရွက်ပေးရန် ရှိသည်များကို အစွမ်းကုန် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည့်အတွက် ဧရာဝတီတိုင်းဒေသကြီးရှိ ပြည်သူများအနေဖြင့်လည်း မိမိတို့၏ ပေါကြွယ်ဝသည့် ရေမြေသယံဇာတများကို ထိထိရောက်ရောက်အသုံးချပြီး မိမိတို့၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် အလုပ်ကိုပို၍ ကြိုးစားလုပ်ကြရန် လိုအပ်မှာဖြစ်ကြောင်း။

ကြိုးပမ်းအားထုတ်

သဘာဝသယံဇာတများကို အကျိုးရှိရှိ အသုံးချနိုင်သည့် လူ၊ သယံဇာတသည်လည်း ဧရာဝတီတိုင်းဒေသကြီးတွင် အလုံအလောက်ရှိပြီးဖြစ်သည့် အတွက် တီထွင်ကြံဆ ကြိုးပမ်းလုပ်ကိုင်ကာ နိုင်ငံတော်က တည်ဆောက် ပေးထားသော လမ်းပန်းဆက်သွယ်ရေး စကြ်လမ်းမကြီးများအဖြစ်မှ စီးပွားရေးစကြ်များ အဖြစ်သို့ တိုးတက်ကူးပြောင်းရောက်ရှိလာအောင် လမ်းပန်းဆက်သွယ်ရေး ကွန်ရက်ယှက်သွယ်ထားရာမှ စီးပွားရေး ကွန်ရက်ကြီးများအဖြစ် တက်လှမ်းရောက်ရှိလာအောင် ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ရှောင်လွှဲမရနိုင်သော ရာသီဥတုပြောင်းလဲမှု အကျိုးဆက်ဖြစ်သည့် သဘာဝ ဘေးအန္တရာယ်ကျရောက်ခဲ့ပြီးနောက် မြင်တွေ့ခဲ့ရသော မြင်ကွင်းနှင့် လက်ရှိအချိန် မြင်တွေ့နေရပြီဖြစ်သည့် မြင်ကွင်းသည် နှိုင်းယှဉ်မရနိုင်အောင် ကွဲပြားခြားနားနေပြီဖြစ်သကဲ့သို့ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့သည့် ကြိုးပမ်းအားထုတ်မှု စွမ်းအားများကို မှန်းဆမြင်ယောင်ခံစားသိရှိနိုင်ကြမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ နိုင်ငံတော်တည်ဆောက်ရေးကြိုးပမ်းဆောင်ရွက်ချက်များသည် တစ်နိုင်ငံလုံးအနှံ့ ဖြန့်ကြက်ဖော်ဆောင် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် ဧရာဝတီမြစ်ဝကျွန်းပေါ် မုန်တိုင်းသင့်ဒေသများ မူလအခြေအနေထက် သာလွန်မြင့်မားစွာ ပြန်လည်ထူထောင်လာနိုင်မှုသည် ကျန်ဒေသအနှံ့ ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှုများထဲက သက်သေသာဓက တစ်ခုအနေဖြင့် တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ အလားတူ အတိတ်က မြင်ကွင်းများနှင့် မျက်မှောက်ခေတ် တိုးတက်ပြောင်းလဲလာမှု မြင်ကွင်းများသည် နယ်စပ်ဒေသများမှာရော၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှာပါ ဖွံ့ဖြိုးတိုးတက်မှု သရုပ်သကန်များကို အထင်အရှားပြသဖော်ဆောင် မြင်တွေ့နေကြရပြီ ဖြစ်ကြောင်း။

အကောင်အထည်ဖော်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို အရောက်လှမ်းရာတွင် နိုင်ငံတော်၏ အခြေခံလိုအပ်ချက်များ ပြည့်စုံခိုင်မာအောင် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့သကဲ့သို့ တစ်ဖက်ကလည်း နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ခိုင်ခိုင်မာမာချမှတ်ပြီး နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့သည်မှာ ယခုဆိုလျှင် ပဉ္စမအဆင့်ကို ကျော်လွန်အောင်မြင်ခဲ့ပြီဖြစ်၍ ကျန်ရှိသော အဆင့်နှစ်ဆင့်ကို မကြာမီ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် -

နိုင်ငံတော်အစိုးရက ရည်ရွယ်ချက် မြင့်မြင့်မားမားဖြင့် တည်ဆောက်ပေးထားသည့် ဤဆေးရုံကြီးအပါအဝင် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများကို ဂုဏ်ယူမြတ်နိုးစွာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး မိမိတို့၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် အကျိုးရှိရှိ အသုံးချဆောင်ရွက်သွားကြပါ။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်၏ ကျန်ရှိသောလုပ်ငန်းများ မလွဲမသွေအောင်မြင်ရမည်ဟူသော ယုံကြည်ချက် သန္နိဋ္ဌာန်စိတ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ စည်းလုံးညီညွတ်စွာ ပါဝင်ပူးပေါင်း ဆောင်ရွက်သွားကြပါဟု ပြောကြားသည်။

ထို့နောက် ဆေးရုံကို တာဝန်ယူတည်ဆောက်ခဲ့သည့် TZTM Co. အုပ်ချုပ်မှုဒါရိုက်တာ ဦးသက်လင်းက ဆေးရုံနှင့်ပတ်သက်သော စာရွက်စာတမ်းများကို ဧရာဝတီတိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူး ဒေါက်တာ အေးကိုကိုအားလည်းကောင်း၊ ဆေးရုံအတွက် ရာသက်ပန်ငွေပဒေသာပင် အလှူငွေကျပ်သိန်းတစ်ရာကို ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန့်အားလည်းကောင်း ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ဆေးရုံအုပ်ကြီး၊ ဆရာဝန်နှင့် ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

မော်လမြိုင်ကျွန်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကို မြေဧရိယာ ၂၅ ဧကပေါ်တွင် တည်ဆောက်ထားပြီး အလျားပေ ၂၀၀၊ အနံ ၅၂ ပေ၊ အမြင့် ၁၄ပေနှင့် လူသွားစင်္ကြံအကျယ် ၁၀ပေရှိသည်။

ဆေးရုံတွင် အရေးပေါ်လူနာဌာန၊ ဓာတ်မှန်ခန်းနှင့် ဓာတ်ခွဲခန်း၊ သွားဆေးကုသခန်း၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ကုသဆောင်၊ အရိုးခွဲစိတ်ကုသဆောင်၊ အထူးကြပ်မတ်ကုသဆောင်၊ ခွဲစိတ်ခန်း၊ ကလေးကုသဆောင်နှင့် သားဖွား မီးယပ်ဆောင်တို့ ပါဝင်သည်။ ဆေးရုံကို TZTM Co. က တာဝန်ယူ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

တည်ဆောက်ဖွင့်လှစ်

မော်လမြိုင်ကျွန်းမြို့နယ်တွင် ယခင်က ခုတင်(၅၀)ဆံ့ ဆေးရုံသာ ရှိခဲ့ရာမှ ယခုအခါ ခုတင်(၁၀၀) ဆံ့ ဆေးရုံသစ်ကြီးအဖြစ် တိုးမြှင့်၍ တည်ဆောက်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။ **(သတင်းစဉ်)**

ဖဲကြိုးဖြတ် ဖွင့်လှစ်

တိုင်းမှူး ဗိုလ်မှူးချုပ် တင်မောင်ဝင်း၊ ဝန်ကြီး ဦးသိန်းညွန့်နှင့် ဝန်ကြီးဒေါက်တာကျော်မြင့်တို့ မော်လမြိုင်ကျွန်းမြို့နယ် ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

အရင်းအမြစ်များ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ စဉ်ဆက်မပြတ် ထွက်ပေါ်လာတော့မည် ဖြစ်ကြောင်း။

ဝိုင်းဝန်းကြိုးပမ်း

စီးပွားရေးကဏ္ဍအနေဖြင့်ကြည့်လျှင် မြန်မာနိုင်ငံ၏ ဆန်အိုးကြီးဟု တင်စားခေါ်ဝေါ်ခဲ့ကြသော ဧရာဝတီတိုင်းဒေသကြီးသည် သဘာဝတရားက ဖန်ဆင်းပေးထားသည့် ရေမြေရာသီဥတုအခြေအနေကောင်းများကြောင့် ဆန်စပါး၊ ပဲအမျိုးမျိုး၊ သားငါး၊ ဆားလုပ်ငန်းအလျှံပယ် ထွက်ရှိသော ဒေသကြီးဖြစ်သည့်အပြင် ပြည်ထောင်စုကြီး၏ စားနပ်ရိက္ခာဖူလုံရေးသာမက ဒေသတွင်း စားနပ်ရိက္ခာ ဖူလုံမှုကိုပါ အထောက်အကူပြုနေသည့်တိုင်းဒေသကြီး တစ်ခုလည်းဖြစ်ကြောင်း၊ ယခုလိုအခြေအနေကောင်းများ ရရှိထားပြီးဖြစ်သည့်အတွက် လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍအပြင် အလားအလာရှိသော စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာအောင်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်

✻ *ကျောဖုံးမှ*

အဲဒီကီပီလာအာကာသလှေလာရေးယာဉ်ဟာ အာကာသအတွင်းမှာ ကမ္ဘာဂြိုဟ်အရွယ်အစားရှိတဲ့ ဂြိုဟ်သစ်တစ်လုံးကို ရှာဖွေမှတ်တမ်းတင်နိုင်ခဲ့တဲ့ အာကာသယာဉ်လည်းဖြစ်ပါတယ်။ ဒါ့အပြင် အင်္ဂါဂြိုဟ်ရဲ့ မျက်နှာပြင်ပေါ်မှာ ရေတွေ့ရှိတာကိုလည်း ဓာတ်ပုံမှတ်တမ်းတွေစတင်ရယူကာ မြေပြင်စခန်းကိုပေးပို့နိုင်ခဲ့တဲ့ အစဉ်အလာရှိတဲ့ အာကာသယာဉ်ဖြစ်ပါတယ်။

အခုတွေ့ရှိတဲ့ ဂြိုဟ်နဲ့ပတ်သက်ပြီး လေ့လာမှုတွေ ဆက်လက်ပြုလုပ်သွားရမှာဖြစ်သလို လောလောဆယ်မှာတော့ တောက်ပတဲ့ အလင်းရောင်နဲ့ တည်ရှိနေတာကို တွေ့မြင်ရတယ်လို့ ဆိုပါတယ်။ ဒီဂြိုဟ်ဟာ နေစကြဝဠာအတွင်းမှာရှိတဲ့ ကမ္ဘာဂြိုဟ်အပါအဝင် အခြားဂြိုဟ်တွေအပေါ် ကောင်းကျိုးသက်ရောက်မှု ရှိနေစေမှာတော့ အမှန်ဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။ ။ ***(အင်တာနက်)***

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၄-၁-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	တရားတော်
၇:၁၅	၃။	ဓမ္မပူဇာတေး
၇:၂၀	၄။	မျိုးချစ်တပ်မတော်
၇:၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၀	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၄:၂၀	၄။	အိုင်စီတီသုတ
၄:၂၅	၅။	မျိုးချစ်တပ်မတော်
၄:၃၅	၆။	လျှပ်တစ်ပြက်
၄:၅၅	၇။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၅:၀၀	၈။	ကျန်းမာကြံ့ခိုင် တို့နိုင်ငံ
၅:၂၀	၉။	မီးသတ်ပေးနှိုးဆော်ချက်
၅:၂၅	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀	၁၁။	သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **သက်ရှိသတ္တဝါတို့၏ ပျော်စံရာမြေ** (အပိုင်း-၁)
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆:၃၀	၁၄။	**ရှာ** ဟာသဇာတ်လမ်းတွဲ
၆:၄၅	၁၅။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇:၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောအားမာန်** (အပိုင်း-၂၇)
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	နိုင်ငံတကာသတင်း
	၂၀။	မိုးလေဝသသတင်း
	၂၁။	သံစဉ်များနှင့်ကမ္ဘာ
	၂၂။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၃။	စိုက်ပျိုးသုတ
	၂၄။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိုင်းသမားခုနစ်ဖော်** (အပိုင်း-၃၅)
	၂၆။	ကမ္ဘာ့တစ်ခွင်ခရီးစဉ်

အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး ဝန်ကြီးဦးဇော်မင်းအား လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၃

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr.V.S Seshadri သည် ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး၏ ရုံးခန်းမ၌ လာရောက်တွေ့ဆုံ၍ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ပြသမည်

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ဇန်နဝါရီ ၁၄ ရက်မှ ၁၇ရက်အထိ ကျင်းပလျက်ရှိသည့် New Year Special Sales Exhibition in 2011 ပြပွဲတွင် IT Zone ၌ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ပြခန်းပေါင်း ၈၀ကျော်ဖြင့် ပြသလျက်ရှိသည်။ **(အောက်ပုံ)**

အဆိုပါ IT Zone တွင် msi Laptop များကို ဖြန့်ချိလျက်ရှိသော Royal Smart Co., Ltd. ၏ ပြခန်း၌ msi Laptop ဝယ်ယူသူများအား Memory Stick 4GB လက်ဆောင်ပေးမည်ဖြစ်ပြီး ပြပွဲရက် Happy Hour အတွင်း msi Laptop ဝယ်ယူပါက ငွေကျပ် ၃၀၀၀၀ ဈေးလျှော့၍ ရောင်းချပေးမည် ဖြစ်ကြောင်း၊ Gaming Series Laptop စိတ်ဝင်စားသူများ အတွက် msi မှ နောက်ဆုံးထွက်ရှိ သော Processor core i7 တပ်ဆင်ထားသည့် GX 640 (Gaming Series) ကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ရောင်းချ

အဆိုပါပြပွဲတွင် msi မှ နောက်ဆုံးထွက်ရှိသော P67A-GD55, H67MA-E45 Motherboard များကို Intel ၏ နောက်ဆုံးထွက်ရှိသည့် CPU Socket 1155 (Sandy Bridge) ဖြင့် တွဲဖက်၍ ပြသထားသည်။ ပြပွဲ ခင်းကျင်းပြသ ရောင်းချလျက်ရှိသည့် msi Laptop များမှာ Ex 465-MX , CR 420- P6100, FX 400-i3, CX 420-i3 GX 640-i7 (Gaming Series) တို့ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လယ်ယာစိုက်ပျိုးရေးဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ တောင်ငူတက္ကသိုလ်၌ ကျင်းပ

တောင်ငူ ဇန်နဝါရီ ၁၃

လယ်ယာစိုက်ပျိုးရေးဆိုင်ရာဒေသအကျိုးပြုသုတေသန စာတမ်းဖတ်ပွဲကို ဒီဇင်ဘာ ၂၈ရက် နံနက် ၈နာရီက တောင်ငူတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် တောင်ငူ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ အောင်သူ **(အပေါ်ပုံ)**က အမှာစကားပြောကြားသည်။

ရှင်းလင်းဖတ်ကြား

ယင်းနောက် ပထဝီဝင်ဌာနမှ ဒေါက်တာ အောင်ကျော်က စပါးနှင့် မတ်ပဲစိုက်ပျိုးရေးတွင် ပထဝီဝင်ဆိုင်ရာ သတင်းအချက်အလက်စနစ်ကို လက်တွေ့အသုံးပြုခြင်း၊ ရုက္ခဗေဒဌာနမှ ဒေါ်အုန်းမြိုင်က ဒေသအတွင်းရှိ အလေ့ကျပေါက်သော ပဲပင်ရိုင်းများကို သစ်စိမ်းမြေဩဇာအဖြစ် အသုံးပြု စိုက်ပျိုးခြင်း၊ ရုက္ခဗေဒဌာနမှ ဒေါ်ဇင်မာမြင့်က မီးဖိုချောင်စွန့်ပစ်ပစ္စည်းဖြစ်သော အစားအစာအကြွင်းအကျန်များကို မြေဆွေးပြုလုပ်၍ စိုက်ပျိုးရေးတွင် အသုံးပြုခြင်း၊ ဓာတုဗေဒဌာနမှ ဒေါက်တာနေသွယ်ကြည်က တောင်ငူတက္ကသိုလ်အတွင်းရှိ မတ်ပဲမစိုက်ပျိုးမီနှင့် စိုက်ပျိုးပြီးမြေဆီလွှာများကို ဓာတ်ခွဲစမ်းသပ်ခြင်း၊ သတ္တဗေဒဌာနမှ ဒေါက်တာမိုးမိုးဒွေးက တောင်ငူတက္ကသိုလ် နယ်မြေအတွင်း စိုက်ပျိုးသော မတ်ပဲများတွင် ကျရောက်သည့် အင်းဆက်ပိုးများအကြောင်း၊သတ္တဗေဒဌာနမှဒေါက်တာတင်မိုးယဉ်က အင်းဆက်စား လင်းနို့စိတ်များအကြောင်းနှင့် တောင်သူလယ်သမားအတွက် လင်းနို့များအရေးပါမှု၊ ရုက္ခဗေဒဌာနမှဒေါက်တာမိုးစန္ဒာရှိန်က တောင်ငူတက္ကသိုလ်ပရဝဏ်အတွင်း အလေ့ကျပေါက်သော မြက်ရိုင်းချုံနွယ်များမှ သဘာဝမြေဩဇာ ထုတ်လုပ်သုံးစွဲခြင်း၊ စိတ်ပညာဌာနမှ ဒေါက်တာ မင်းဇော်ဦးက လယ်သမားများ၏ လယ်ယာမြေ လုပ်ကိုင်မှုအပေါ် တန်ဖိုးထားမှုနှင့် စိတ်နေသဘောထားကို လေ့လာခြင်း၊ ရူပဗေဒဌာနမှ ဒေါက်တာအုန်းသန်းက အလိုအလျောက် ရေဖြန့်ဝေရေးစနစ်၊ သင်္ချာဌာနမှ ဦးဝင်းဆွေက စိုက်ပျိုးရေးလုပ်ငန်းနှင့် သင်္ချာဘာသာရပ် ခေါင်းစဉ်များဖြင့် ရှင်းလင်းဖတ်ကြားခဲ့ကြောင်း သိရှိရသည်။ **(၂၁၄)**

မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးဟောပြောပွဲ ပန်းဘဲတန်းမြို့နယ်၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန် အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ် ရဲတပ်ဖွဲ့က ကြီးမှူး၍ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၁ရက် မွန်းလွဲ ၂နာရီက ပန်းဘဲတန်းမြို့နယ် အထက(၃) မြတ်ဆရာခန်းမ၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးထင်မျိုးအောင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ခင်မောင်ထွေးက မူးယစ်ဆေးဝါးအန္တရာယ် အကြောင်းကိုလည်းကောင်း**(ယာပုံ)**၊မြို့နယ်တရားသူကြီး ဦးဝင်းမြင့်၊ မြို့နယ် ဥပဒေအရာရှိ ဦးအောင်သိန်းကျော်၊ ရန်ကုန်အနောက်ပိုင်းခရိုင်မူးယစ်(အထူး)အဖွဲ့တာဝန်ခံရဲအုပ်မျိုးကြည်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဒေါ်အိအိခိုင်နှင့်ကျောင်းအုပ်ဆရာကြီးဦးမောင်မောင်ကြည်တို့က မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရေးအကြောင်းတို့ကိုလည်းကောင်း ဟောပြောခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

တစ်ပတ်တာ ရုပ်ရှင်အမြည်း

အပျိုကြီးကို အဖွဲ့ထုတ်သည့် နယူးမော်ဒယ်လ် နိုင်ငံခြားဇာတ်ကား NARNIA နှင့် အပြိုင်ရုံဝင်

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

နေပြည်တော် ဇန်နဝါရီ ၁၃

ယခုသီတင်းပတ် ဇန်နဝါရီ ၁၄ ရက် (သောကြာနေ့) တွင် သမ္မတ၊ သွင်၊ မင်္ဂလာနှင့် မန္တလေးမြို့မနှင့် ဝင်းလိုက်ရုံတို့၌ မြန်မာရုပ်ရှင်ဇာတ်ကားသစ် နယူးမော်ဒယ်လ် ရုံဝင်လာသည်။

ရှုပ အမည်ရှိကုမ္ပဏီပိုင်ရှင်သူဌေးကြီး ဦးဘုန်းမြင့်နှင့် ဒေါ်မြမြကြည်တို့တွင် အသက် ၃၅နှစ်အရွယ် အပျိုကြီး သဉ္ဇာဘုန်းမြင့်နှင့် အသက် ၂၅နှစ်အရွယ် သမီးငယ် နန္ဒာဘုန်းမြင့်တို့ရှိသည်။ တစ်ဦးနှင့်တစ်ဦး စရိုက်မတူချေ။

သမီးကြီးဖြစ်သူ သဉ္ဇာဘုန်းမြင့်က အဘွားနှင့် အနီးကပ်နေသဖြင့် တရား၌မွေ့လျော်ပြီး ဝတ်စားဆင်ယင်မှုက အဘွားကြီးပုံစံ၊ သမီးငယ် နန္ဒာဘုန်းမြင့်က ထက်မြက်သွက်လက်လျက်ဖြင့်ရတနာဆိုင်ဖွင့်ပြီး စီးပွားရေး၌ အောင်မြင်သူ၊ ထို့ပြင် ချစ်သူပါရှိနေသည်။

မိဘနှစ်ပါးမှာသမီးငယ်အတွက် စိတ်ကျေနပ် အားရသော်လည်း သမီးကြီးအတွက် စိတ်မအေးရ။ သမီးကြီးအတွက် အိမ်ထောင်ချပေးလိုသော်လည်း သူကစိတ်မဝင်စား။ သမီးငယ်က လက်ထပ်လိုသော်လည်း သမီးကြီး လက်ထပ်မှ သာခွင့်ပြုမည်ဟု ဆိုသဖြင့် သမီးငယ် နန္ဒာဘုန်းမြင့် အကျပ် တွေ့ရသည်။

ထို့ကြောင့် ရည်းစားထည်လဲတွဲပြီးနေတတ်သည့် ခွန်မင်းခန့် အမည်ရှိ နန္ဒာဘုန်းမြင့် ချစ်သူ၏ သူငယ်ချင်းနှင့် အစ်မအပျိုကြီးကို တွေ့ဆုံပေး၊ ကူညီပေးရင်း အစ်မအပျိုကြီးနှင့် ခွန်မင်းခန့်တို့ ချစ်သူဖြစ်ခဲ့ပုံ၊ ထိုမှသည်နယူးမော်ဒယ်လ်ဖြစ်လာပုံတို့ကို ရန်အောင်၊ နေတိုး၊ ဇော်ဝမ်း၊ မေသန်းနု၊ စိုးမြတ်သူဇာ၊ သင်ဇာဝင့်ကျော်နှင့် သဇင်တို့၏ သရုပ်ဆောင်မှုများဖြင့် ဟာသနှော၍ ပီပြင်စွာ ပုံဖော်ထားသည်။

နိုင်ငံခြားကားသစ်

ယခုသီတင်းပတ်၌ နိုင်ငံခြားရုပ်ရှင်ဇာတ်ကားသစ်အဖြစ် The Chronicles of Narnia အမည်ရှိ ရုပ်ရှင်ဇာတ်ကား နေပြည်တော်အဆင့်မြင့်ရုပ်ရှင်ရုံ၌ ရုံဝင်လာသည်။ ဒါရိုက်တာ Michael Apted ရိုက်ကူးထားသည့် ဒဏ္ဍာရီဆန်ဆန် ရုပ်ရှင်ဇာတ်ကား ဖြစ်သည်။

ဇာတ်လမ်းမှာ ဒုတိယကမ္ဘာစစ်ပြီးဆုံးခါနီးကာလကိုအခြေခံထားပြီးပင်လယ်များ၊ကျွန်းများ၊နဂါးကြီးများဖြင့် ရိုက်ကူးထားသည်မှာ ထိတ်လန့်ဖွယ်၊ စိတ်ဝင်စားဖွယ်အဖြစ် ပရိသတ်ရင်တမမ ကြည့်ကြရမည့် ဇာတ်ကားတစ်ကား ဖြစ်ကြောင်း ရုပ်ရှင်ကြည့်ပရိသတ်အား တစ်ပတ်တာ ရုပ်ရှင်အမြည်းပေး ရေးသားလိုက်ရပါသည်။ ***(မြန်မာ့အလင်း)***

Database Applications Development သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၁၃

Myanmar Professionals Education Centre (MPEC)မှ အရည်အချင်းပြည့်ဝသော Database Applications Developer၊ Database Administrator ဖြစ်လိုသူများအတွက် ရည်ရွယ်၍ Database Applications Development သင်တန်းကို ဖွင့်လှစ်မည် ဖြစ်သည်။

ထိုသင်တန်းတွင် Database Management System များ၏ တည်ဆောက်ပုံနှင့် အလုပ်လုပ်ပုံနည်းစနစ်များကို Oracle Database Server နှင့် Microsoft SQL Server 2008 ကို အသုံးပြုပြီး သင်ကြားပေးမည်ဖြစ်သည်။

ထို့အပြင် Database Server များ၏ Background Services, Data Files, Recovery Logs Files နှင့် Memory Structure တို့ကို မိမိတို့၏ လုပ်ငန်းလိုအပ်ချက်များအတိုင်း စွမ်းဆောင်မှုအကောင်းဆုံးဖြစ်အောင် Configuration ပြုလုပ်နိုင်စေရန်၊ Database Management System များကို အသုံးပြုပြီး Database Application System များကို အကောင်းဆုံးဖြစ်အောင် ရေးသားနိုင်စေရန်၊Complex Query Language များကို ရေးသားနိုင်ရန်နှင့် Database Logical Design and Physical Design တို့ကို ထိထိရောက်ရောက်ပြုလုပ်နိုင်ပြီး Software Developer ကောင်းတစ်ယောက်ဖြစ်လာစေရန်နှင့် Processing များနှင့် Reporting များကို ပြုလုပ်နိုင်ရန် လေ့ကျင့်သင်ကြားပေးသွားမည် ဖြစ်သည်။ စနေ၊ တနင်္ဂနွေ တန်းခွဲဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလ သုံးလ ကြာမည်ဖြစ်သော အထက်ပါ သင်တန်းကို DBMS အခြေခံရှိသူများနှင့် SQL Language အခြေခံရှိသူများ တက်ရောက် နိုင်မည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် Myanmar Professionals Education Centre (MPEC) အခန်း ၈၀၄/B ဒဂုံစင်တာ မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၇၃၀၆၆၂၇ သို့ ဆက်သွယ်ပြီး စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ဒီပဲယင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် စိုင်ပြင်စံပြကျေးရွာရှိ စိုင်ပြင်ဈေးကြီးအတွင်း သန့်ရှင်းရေးနှင့် ဈေးဆိုင်ခန်းများ ဆောက်လုပ်ထားမှုကို ဒီဇင်ဘာ ၁၅ရက်က ကွင်းဆင်းစစ်ဆေးရာအမှုဆောင်အရာရှိ ဦးတိုးကြည် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းနေလင်း တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၃

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့၌ ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းနေလင်းနှင့် တက်ရောက်လာကြသူများသည် နိုင်ငံတော်အလံကို အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုခြင်းများ ပြုလုပ်ကြသည်။

ဖတ်ကြား

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို တိုင်းမှူးကဖတ်ကြားသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် တိုင်းမှူးသည် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြိုင်ပွဲများသို့ တက်ရောက်ပြီး တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ခန်းမရှေ့တွင် ခင်းကျင်းပြသထားသော လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၄ ရက်က ပေါက်ခေါင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်သိန်းဆွေက အိုးဘိုကုန်းကျောင်းမှ ပထမဆု ရရှိသူ မအေမီလင်းအား ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေပေးအပ်

ရန်ကုန် ဇန်နဝါရီ ၁၃

မြောက်ဥက္ကလာပမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီက အသက်(၇၅)နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူ ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေ ချီးမြှင့်ပေးအပ်ပွဲကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး ရန်ငြိမ်းအောင်ခန်းမ၌ ဇန်နဝါရီ ၆ ရက်က ကျင်းပရာ အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌဗိုလ်ကြီးချစ်ဆွေ(ငြိမ်း)က အမှာစကားပြောကြားပြီး အသက် (၇၅)နှစ်ပြည့်ပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၄၉ဦးနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၁၀ဦးအား မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့မှ ထောက်ပံ့ချီးမြှင့်ငွေများကိုလည်းကောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူ ကျောင်းသား ကျောင်းသူ ၂၅ဦးအား မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က ချီးမြှင့်ထောက်ပံ့ငွေများကိုလည်းကောင်း ပေးအပ်သည်။ **(အပေါ်ပုံ)**

အဆိုပါနေ့က ထောက်ပံ့ချီးမြှင့်ငွေ စုစုပေါင်းမှာ ကျပ် ၁၅၄၅၀၀၀ ဖြစ်ပြီး ချီးမြှင့် ထောက်ပံ့ငွေလက်ခံရရှိသူများ၏ကိုယ်စား ဒုတိယဗိုလ်မှူးကြီးသန်းမြင့်(ငြိမ်း)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နမ့်ခမ်းမြို့နယ်၌ မူလတန်းလွန်ကျောင်းဆောင်သစ်ဖွင့်

နမ့်ခမ်း ဇန်နဝါရီ ၁၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းစေတနာအဖွဲ့တို့က ကြူဆိုင်းကျေးရွာ ပြည်သူများနှင့် ပူးပေါင်းဆောက်လုပ်ပြီးစီးသွားသော ပေ(၉၀×၃၀)ရှိ စာသင်ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဒီဇင်ဘာ ၁၉ ရက်က အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မူဆယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမိုးဟိန်း၊ နမ့်ခမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကောင်းညွှန့်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်း စီမံကိန်း ဒါရိုက်တာ Mr. Makoto Shiraki နှင့် ကြူဆိုင်းကျေးရွာ ဥက္ကဋ္ဌတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မူဆယ်ခရိုင် ဥက္ကဋ္ဌ ဦးမိုးဟိန်းက အမှာစကား ပြောကြားပြီးနောက် ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းအဖွဲ့ စီမံကိန်း ဒါရိုက်တာ Mr.Makoto Shiraki နှင့် မြို့နယ်ပညာရေးမှူး ဒေါ်မြလွင်တို့က ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်အောင်နှင့် ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းအဖွဲ့ စီမံကိန်း ဒါရိုက်တာ Mr. Makoto Shiraki တို့က ဆောက်လုပ်ပြီးစီးသွားသော ကျောင်းဆောင်သစ်ကို ပညာရေးဌာနသို့လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လက်ပံတန်းမြို့ စည်ပင်သာယာရေးအဖွဲ့က လမ်းမတော်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၁၃ ရက်က ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးသိန်းဇော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးဝင်းတို့ ကွင်းဆင်းစစ်ဆေးရာ အငယ်တန်း အင်ဂျင်နီယာ-၂ ဒေါ်စပါယ်ချစ် ရှင်းလင်းတင်ပြစဉ်။ (၁၇၅)

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁) ငွေဝတ်မှုံရပ်ကွက်နေ ဒုတိယဗိုလ်ချုပ်ကြီး စိန်အောင်(ငြိမ်း) (၁၃)နှစ်ပြည့်အားရည်စူး၍ သီရိသုမင်္ဂလာ ဒေါ်ခင်သိန်းနှင့် သားသမီးမြေးတစ်စုတို့က ထာဝရ ဆွမ်းပဒေသာပင်အတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

စက်မှုလက်မှု အထက (၁)ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ စက်မှုလက်မှု အထက(၁) ကျောင်းသားဟောင်းများ၏ (၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ ၂၇ရက်(တနင်္ဂနွေနေ့)နံနက် ၈ နာရီတွင်(Royal Garden Restaurant) ဗိုလ်ချုပ်ပန်းခြံ ကန်တော်ကြီး ဗဟန်း (ယခင်စက်မှုလက်မှု အထက(၁) ကျောင်းရှေ့)၌ ကျင်းပမည်ဖြစ်ရာ ခေတ်အဆက်ဆက် ပညာသင်ကြားပေးခဲ့ကြသော အသက်(၆၀)ကျော် ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ကြပြီး မိတ်ဆုံစားပွဲ ကျင်းပမည်ဖြစ်၍ ကျောင်းသားဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြရန်နှင့်အလှူငွေလှူဒါန်းလိုသူများသည် ဦးလှထွန်း ဖုန်း-၀၉-၈၀၂၂၉၅၆၊ ဦးစိုးဝင်း ဖုန်း-၀၉-၅၀၇၁၈၀၇၊ ဦးသိန်းဝေ ဖုန်း-၅၁၂၉၁၈၊ ဦးသန်းထွန်း ဖုန်း-၅၆၆၄၀၂၊ ဦးဝင်းတင် ဖုန်း-၅၆၃၆၉၈၊ ဦးထွန်းထွန်းလွင် ဖုန်း-၀၉-၂၀၀၅၉၉၄၊ ဦးဘသိန်း ဖုန်း-၃၉၈၁၉၄၊ ဦးအောင်သာကျော် ဖုန်း-၀၅၃-၂၈၇၀၀၊ ဦးစိုးတင့် ဖုန်း-၀၉-၅၁၀၂၅၂၇၊ ဦးအေးကြူ ဖုန်း-၆၄၇၃၄၇၊ ဦးနေလင်း ဖုန်း-၀၉-၅၀၂၇၄၄၉နှင့် ဦးသန်းဆွေ ဖုန်း-၀၉-၅၀၁၂၇၂၈တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ရန်ကုန်တိုင်းဒေသကြီး ကျောင်းကျန်းမာရေးဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်စောရီနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ကျောင်းကျန်းမာရေး စံပြကျောင်းများ ရွေးချယ်နိုင်ရေးအတွက် ဇန်နဝါရီ ၆ ရက်က ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (ပညာရေး)

Nano Energizer ထုတ်ကုန်ပစ္စည်းများ ကုန်စည်ပြပွဲ၌ ပါဝင်ပြသမည်

ရန်ကုန် ဇန်နဝါရီ ၁၃

ပုသိမ်မြို့ ကမ်းနားလမ်း မြို့တော်ခန်းမ၌ ဇန်နဝါရီ ၁၄ ရက်မှ ၁၈ ရက်အထိ Smart Co., Ltd. က ကြီးမှူးကျင်းပသည့် Electric And Consumer Product Exhibition 2011 ကုန်စည်ပြပွဲတွင် နောက်ဆုံးပေါ် အဆင့်မြင့် Nano နည်းပညာဖြင့် ကိုရီးယားနိုင်ငံမှ ထုတ်လုပ်ထားသော Nano Energizer အမှတ်တံဆိပ် Engine Restoration and Protection ပစ္စည်းများကို ခင်းကျင်းပြသ ရောင်းချမည်ဖြစ်သည်။

Nano Energizer သည် စွမ်းဆောင်ရည်ကျနေသော အင်ဂျင်များအတွက် အင်ဂျင်ပါဝါတိုးတက်ကောင်းမွန်ခြင်း၊ အင်ဂျင်အပူချိန် (Heat) သိသိသာသာ လျော့နည်းစေခြင်း၊ အင်ဂျင်အသံပိုငြိမ်ခြင်း၊ ဆီစားသက်သာစေခြင်း၊ မီးခိုးအထွက်နည်းခြင်း၊ အင်ဂျင်အတွင်းပိုင်း ပွန်းစားမှုကို ထူးခြားသက်သာစေခြင်းနှင့် အင်ဂျင်သက်တမ်းတိုး၍ အသုံးခံနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်သည်။

Nano Energizer ကုန်ပစ္စည်းသည် Engine Coating ဖြစ်သည့်အားလျော်စွာ Engine အတွင်းပိုင်းတွင် Metal to Metal Contact ကြောင့် နာနေသော မျက်နှာပြင်များကို ကုသပေးပြီး Coating တစ်ထပ်ပါ ပြုလုပ်ပေးသည်။ အဆိုပါ Coating ၏ အထူသည် (2 micro meter- 5 micro meter) သာရှိသည့်အတွက် အင်ဂျင်၏ မည်သည့်အစိတ်အပိုင်းကိုမျှ အနှောင့်အယှက်မဖြစ်စေပါ။ Nano Ceramic Coating သည် အပူချိန် 2000 ဒီဂရီ စင်တီဂရိတ်ကျော်မှ အရည်ပျော်မည်ဖြစ်သောကြောင့် အချိန်ကြာမြင့်စွာ အင်ဂျင်အတွင်းပိုင်းတွင် တည်ရှိနေနိုင်ပြီး ကီလိုမီတာ 30000 ခန့် သုံးပြီးမှသာ Nano Ceramic Coating လျော့ပါးလာ၍ ကီလိုမီတာ 50000 ခန့်ရောက်လျှင် ကုန်ဆုံးလုနီးပါးသို့ ရောက်ရှိသွားမည်ဖြစ်သည်။

ဝယ်ယူရရှိနိုင်

Nano Energizer အရည်အသွေးမြင့်ထုတ်ကုန်ပစ္စည်းများကို KOREA နိုင်ငံမှ ထုတ်လုပ်ပြီး မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် Royal Lubricants Trading Co., Ltd. ဖုန်း ၀၁-၇၃၀၃၉၁၉၁ နှင့် ၀၁-၆၈၁၆၀၆ က တင်သွင်းဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ ပုသိမ်မြို့ Golden Baby Mart အမှတ်(၂၄) ဗလီလမ်း ပုသိမ်မြို့ ဖုန်း-၀၉-၅၂၀၁၇၀၂ နှင့် ၀၉-၅၀၈၃၁၀၆ အရောင်းကိုယ်စားလှယ်ဆိုင်ကြီး၌ ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

14-1 (06).pmd 1 1/14/2011, 2:21 AM

မုန်တိုင်းဒဏ်သင့် ရေလုပ်သားများအတွက် ပြန်လည်ထူထောင်ရေးလှေများပေးအပ်

နေပြည်တော် ဇန်နဝါရီ ၁၃

ရခိုင်ပြည်နယ် အမ်းမြို့နယ်အတွင်း ဂီရိဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် ရေလုပ်သားများအတွက် ပြန်လည်ထူထောင်ရေးလှေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီက အမ်းမြို့နယ် လောင်းဒုံး ကွင်းကျေးရွာအုပ်စု တပ်တောင်ကျေးရွာ၌ကျင်းပရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း၊ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ ပြည်နယ်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂီရိမုန်တိုင်းသင့် ကျေးရွာများမှ မိဘပြည်သူများနှင့် လှေလုပ်သားများ တက်ရောက်ကြသည်။

ပေးအပ်

ရှေးဦးစွာ တိုင်းမှူးနှင့် ဝန်ကြီးတို့က အမှာစကားပြောကြားကြပြီးနောက် မုန်တိုင်းဒဏ်သင့် အမ်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ ရေလုပ်သားများသို့ ပြန်လည်ထူထောင်ရေး ငါးဖမ်းလှေများကို ပေးအပ်ကြရာ ဂဏန်းပြင်ကျေးရွာအုပ်စုနှင့် လက်ခွာဒွေကျေးရွာတို့မှ ရေလုပ်သားများက လက်ခံယူကြသည်။

ဖြည့်ဆည်းဆောင်ရွက်

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ရေလုပ်သားများအတွက် ပေးအပ်သော ငါးဖမ်းလှေများကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ယာပုံ)** လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သံတွဲမြို့နယ် ကြာညိုကျေးရွာ၌ စာကြည့်တိုက်ဖွင့်

သံတွဲ ဇန်နဝါရီ ၁၃

သံတွဲမြို့နယ် ကြာညိုကျေးရွာ၌ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လောကပြတင်း စာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံ၌ကျင်းပရာ ရှေးဦးစွာ သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းဝေက လောကပြတင်း စာကြည့်တိုက် အတွက် စာအုပ်စာစောင်များနှင့် တစ်နှစ်စာ သတင်းစာဖိုးကုန်ကျစရိတ် တို့ကိုလည်းကောင်း၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်သိန်းက စာအုပ်စာစောင်များနှင့် နိုင်ငံတကာသတင်းဂျာနယ် တစ်နှစ်စာဖိုး ကုန်ကျစရိတ် တို့ကိုလည်းကောင်း၊ သံတွဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်က စာအုပ်စာစောင်များနှင့် အာရောဂျမဂ္ဂဇင်း တစ်နှစ်စာ ကုန်ကျစရိတ်တို့ကိုလည်းကောင်း၊ သံတွဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြတ်ကျော်က ဂျာနယ် ပေါင်းစုံ အစောင် ၂၀၀ ကိုလည်းကောင်း၊ သံတွဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်စာစောင် ၁၅၀ တို့ကိုလည်းကောင်း၊ ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်မှူး ဦးမြင့်နိုင်နှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။

ဆက်လက်၍ လောကပြတင်း စာကြည့်တိုက်ကို ခရိုင်ဥက္ကဋ္ဌ ဦးထွန်းဝေ၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မိမိ တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(ဝဲပုံ)** **(ခရိုင် ပြန်/ဆက်)**

ပုသိမ်မြို့ အမှတ်(၂၀)အခြေခံပညာမူလတန်းကျောင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ဘာသာစုံထူးချွန်ဆုရရှိသူ ဒုတိယတန်းမှ မအေးသီရိလှိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ရီ ဆုချီးမြှင့်စဉ်။

(ပညာရေး)

နှစ်သစ်ကူးအထူးဈေးရောင်းပွဲတွင် ရွှေလမင်း နဂါးကုမ္ပဏီပါဝင်ပြသထား

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ဇန်နဝါရီ ၁၄ ရက်မှ ၁၇ ရက်အထိ ကျင်းပမည့် New Year Special Sales Exhibition in 2011 ပြပွဲတွင် Acer Product များကို အထူးသက်သာသော ဈေးနှုန်းများဖြင့် ရောင်းချမည့်အပြင် Acer LED Monitor (Model -G195 HQLVD) 18. 5" များကို အထူးနှုန်း ငွေကျပ် ၉၀၀၀၀ဖြင့် အလုံးရေကန့်သတ်၍ ရောင်းချပေးလျက်ရှိသည့်အပြင် Itizen Journal မှ Acer/ Apacer ကူပွန်ဖြင့် Apacer 4 GB Memory Stick (Handy Drive)များကို တစ်ချောင်းလျှင် ငွေကျပ် ၅၀၀၀ဖြင့် အကန့်အသတ်မရှိ ရောင်းချပေးလျက်ရှိသည်။

အထူးအစီအစဉ်အဖြစ် Apacer 2 GB Memory Stick နှင့် Apacer Micro SD 2 GB များကိုလည်း ငွေကျပ် ၂၀၀၀နှုန်းဖြင့် တစ်နေ့လျှင် အချောင်း ၅၀ကို မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအတွင်း ဦးရာလူစနစ်ဖြင့် ရောင်းချပေးလျက်ရှိသည်။ Acer Laptop New Product အနေဖြင့် Acer Aspire 4552 Notebook (AMD Generation II Athlon X2 P340/ Dual Core 2.2 GHz , ATI Radeon HD 4250-256 MB Graphic (dedicated) , 2GB DDR3 RAM, 500 GB HDD) ကို ငွေကျပ် ၄၁၅၀၀၀ ဖြင့် ပြပွဲရက်အတွင်း ရောင်းချမည့်အပြင် Acer ၏ နောက်ဆုံးထွက် Processor နှင့် Graphic ကို အသုံးပြုထားသော Notebook များကိုလည်း အထူးဈေးနှုန်းဖြင့် ပြသရောင်းချပေးလျက်ရှိသည်။

ထို့ပြင် 3D Technologyဖြင့် ဆင်ယင်ထားသော Acer ၏ Desktop, Laptop, Projector များနှင့် Multi Touch Technology အသုံးပြုထားသည့် All in One PC များကို ပြသရောင်းချပေးလျက်ရှိသည်။

Acer နှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက Acer Showroom & Customer Care Centre(ရန်ကုန်) ဖုန်း-၂၂၁၆၈၃နှင့် ၂၁၇၂၃၃၊ e-mail : shwelaminnagar @ gmail . com တို့သို့ မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့တိုင်းရင်းဆေးသေတ္တာများပေးအပ်

ကွတ်ခိုင် ဇန်နဝါရီ ၁၃

ကွတ်ခိုင်မြို့နယ် တိုင်းရင်းဆေးကုဌာနက ကြီးမှူးကျင်းပသော အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာများပေးအပ်ပွဲနှင့် တိုင်းရင်းဆေးသေတ္တာ စနစ်တကျ သုံးစွဲနည်း သင်တန်းကို ဒီဇင်ဘာ ၇ ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဘုန်းမော်က အမှာစကားပြောကြားပြီး မြို့နယ်တိုင်းရင်းဆေးမှူး ဦးဆန်းလှိုင်က ဆေးသေတ္တာများ ပေးအပ်ခြင်းအကြောင်းနှင့်သုံးစွဲနည်းကို ရှင်းလင်းပြောကြားကြကာ တာဝန်ရှိသူများက ကျေးရွာ ၃၆ ရွာမှ တာဝန်ခံများထံ တိုင်းရင်းဆေးများနှင့် ဆေးပစ္စည်းများပါဝင်သော ဆေးသေတ္တာများကို ပေးအပ်သည်။ **(ယာပုံ)** **(မြို့နယ် ပြန်/ဆက်)**

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တောရကျောင်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၅ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

Myanmar Star Universe Co.,Ltd. ရုံးခန်းသစ်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၃

Media Lane, The Creative Agency နှင့် Myanmar Star Universe Co.,Ltd. တို့၏ ရုံးခန်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သံသုမာလမ်းပေါ်ရှိ မြန်မာ့ဂုဏ်ရောင်အိမ်ရာဝင်း ပုလဲလမ်း အမှတ် 58-B ၌ကျင်းပရာ ဒေါ်ဝါဝါထွန်းနှင့် Company မှ တာဝန်ရှိသူများက ရုံးခန်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အဆိုပါရုံးခန်းတွင် Media Lane, The Creative Agency ကုမ္ပဏီ ရှေ့ဆက်ဆောင်ရွက်သွားမည့် World-Class Website, Graphic, Printing, Decoration, Genius Workshop စသည့် ဝန်ဆောင်မှုများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် Myanmar Star Universe Co.,Ltd. မှ တစ်ဦးတည်းကိုယ်စားလှယ်ယူပြီး ဖြန့်ဖြူးရောင်းချလျက်ရှိသော AOC Monitor, Star UPS, HP DVD-RW, Golden Field Chasis အစရှိသည့် ကွန်ပျူတာပစ္စည်းများကို ခင်းကျင်းပြသထားပြီး Authorised Service Center ကို ပူးတွဲဖွင့်လှစ်ထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

❖ *ရှေ့ဖုံးမှ*

အသင်းဝင်များ၊ အာဆီယံ အင်ဂျင်နီယာဆိုင်ရာ ဘွဲ့တံဆိပ်ရရှိကြသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့အခမ်းအနားသည် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံကြီးပင်ဖြစ်ကြောင်း၊ ယနေ့ ခန်းမကြီးထဲရောက်ရှိနေသည့် ပုဂ္ဂိုလ်အားလုံးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးဆိုသည့် တိုင်းပြုပြည်ပြု လုပ်ငန်းစဉ်ကြီးတွင် ရှေ့တန်းမှ ပူးပေါင်းပါဝင်နေကြသော ပုဂ္ဂိုလ်များဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် တည်ငြိမ်အေးချမ်းလုံခြုံပြီး တရားဥပဒေစိုးမိုးမှုရှိသည့် နိုင်ငံရေးအခြေအနေကောင်း လိုအပ်ကြောင်း၊ ခိုင်မာတောင့်တင်းသော တိုင်းရင်းသားစည်းလုံးညီညွတ်မှု ရှိရမည်၊ တိုးတက်ဖွံ့ဖြိုးရေးအတွက် အခြေခံအုတ်မြစ်ကောင်းတွေ Infrastructure များ ရှိရမည်၊ အရည်အသွေးမြင့်မားသည့် တတ်သိပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ ရှိရမည်၊ စက်မှုနှင့် အဆင့်မြင့်နည်းပညာကို အခြေခံသော ကုန်ထုတ်လုပ်မှုကို ဦးတည်ရမည် စသည့် လိုအပ်ချက်များကို အသင်းဝင်အင်ဂျင်နီယာများအားလုံး သိရှိနားလည်ခံယူပြီးဖြစ်ကြောင်း။

အမှာစကား ပြောကြား

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အာဆီယံ အင်ဂျင်နီယာဆိုင်ရာ ဘွဲ့တံဆိပ်များ ပေးအပ်ပွဲ၊ နှစ်ပတ်လည် အသင်းသားစုံညီ ညီလာခံနှင့် အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

စက်မှုနိုင်ငံ

ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး စသည့် အခြေခံလိုအပ်ချက်များကို မဖြစ်မနေ တည်ဆောက်ခဲ့သည့်နည်းတူ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အခြေခံအုတ်မြစ်ကောင်းများကိုလည်း ကဏ္ဍအလိုက် ခိုင်ခိုင်မာမာ ဖြစ်ပေါ်လာအောင် ဦးတည်ချက်ရှိရှိ မဆုတ်မနစ် ထူထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော် စီးပွားရေးစနစ်ကို လုပ်အားအရင်းပြု ကုန်ထုတ်လုပ်မှုမှ စက်မှုနှင့်နည်းပညာအခြေပြု ကုန်ထုတ်လုပ်မှုသို့ တိုးတက်ကူးပြောင်း ရောက်ရှိလာအောင် အခြေခံလိုအပ်ချက်များ ပြည့်စုံခိုင်မာစေရေး အတွက် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယနေ့ အချိန်တွင် စက်မှုနိုင်ငံတော်သစ်ဆီသို့ တက်လှမ်းနိုင်မည့် လမ်းကြောင်းမှန် ပေါ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း။

ယခုကဲ့သို့ လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိလာအောင်လည်း နိုင်ငံတော်တာဝန်ကို ရယူထမ်းဆောင်ခဲ့သည့် နှစ်ပေါင်း (၂၀)ကျော်ကာလ အတွင်း ပြည်ထောင်စုတစ်ဝန်း ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် တည်ဆောက်ရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး ဖြန့်ကြက်လွှမ်းခြုံပြီး စီမံကိန်းအဆင့်ဆင့်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံတွင် ယခင်က တံတားလုပ်ငန်းအနေဖြင့် ပေ ၁၈၀အထက် တံတားကြီးပေါင်း ၁၉၈စင်းသာရှိခဲ့ရာမှ ယနေ့ဆိုလျှင် တည်ဆောက်ပြီး ၄၄၉စင်းနှင့် တည်ဆောက်ဆဲတံတား ၆၇စင်း၊ လမ်းလုပ်ငန်းအနေဖြင့် ယခင်က ၁၃၆၃၅ မိုင်သာရှိခဲ့ရာမှ ယခုဆိုလျှင် ဖောက်လုပ်ပြီးလမ်းမိုင် ၂၁၃၆၁မိုင်၊ ဖောက်လုပ်ဆဲလမ်းမိုင် ၁၈၀၅မိုင်၊ ရထားလမ်း/သံလမ်း မိုင်အနေဖြင့် ယခင်က ဖောက်လုပ်ပြီး သံလမ်းမိုင် ၂၇၉၃မိုင်သာရှိခဲ့ရာမှ ယခုဆိုလျှင် သံလမ်းမိုင်ပေါင်း ၄၄၀၂မိုင်၊ ဖောက်လုပ်ဆဲ ရထားလမ်းခရီးမိုင် ၁၇၇၈ မိုင်ရှိကာ ဘူတာရုံပေါင်း ၄၈၇ရုံရှိရာမှ ၈၉၉ရုံအထိ ရှိလာခဲ့ပြီဖြစ်ကြောင်း။

ဆည်မြောင်းတာတမံအနေဖြင့် ယခင်က ၁၃၈ခုသာရှိခဲ့ရာမှ ယခုဆိုလျှင် တည်ဆောက်ပြီး ၃၇၁ခုနှင့် တည်ဆောက်ဆဲလုပ်ငန်း ၂၆ခု၊ မြစ်ရေတင်လုပ်ငန်း တည်ဆောက်ပြီး ၃၂၇ခုနှင့် တည်ဆောက်ဆဲ ၄၁ခု အထိ စိုက်ပျိုးရေရရှိရေးအတွက် တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

အခြေခံအဆောက်အအုံများ

အလားတူ ပညာရေးကဏ္ဍတွင် တက္ကသိုလ်ကျောင်းကြီးများ၊ ကျန်းမာရေးကဏ္ဍတွင် ခုတင်(၂၀၀)၊ ခုတင်(၃၀၀)၊ ခုတင်(၅၀၀)ဆေးရုံကြီးများ၊ ဆက်သွယ်ရေးကဏ္ဍတွင် တယ်လီဖုန်းရုံးများ၊ တယ်လီဖုန်းလိုင်းများ၊ ပို့ဆောင်ရေးကဏ္ဍတွင် လေယာဉ်ကွင်းများ၊ ဆိပ်ခံတံတားကြီးများ၊ ကွန်တိန်နာရပ်ဝန်းများ၊ လျှပ်စစ်ကဏ္ဍတွင် အကြီးစား၊ အလတ်စား၊ အသေးစား ရေအားလျှပ်စစ်စက်ရုံများ၊ ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းများ၊ စိုက်ပျိုးရေးကဏ္ဍတွင် ဆည်မြောင်းတာတမံများ စသည့် အခြေခံအဆောက်အအုံများစွာကို ဆယ်စုနှစ် နှစ်ခုအတွင်း များစွာအကောင်အထည်ဖော် တည်ထောင်နိုင်ခဲ့ကြောင်း။

ယခုလို သိသိသာသာ ထင်ထင်ရှားရှား တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းတွင်ရှိသည့် မြန်မာအင်ဂျင်နီယာပညာရှင်များ၏ အတတ်ပညာစွမ်းပကားကို အကျိုးရှိရှိ ရယူအသုံးချ ဆောင်ရွက်နိုင်ခဲ့၍ဖြစ်ကြောင်း၊ မြန်မာအင်ဂျင်နီယာများအနေဖြင့်လည်း နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းတာဝန်များတွင် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပြီး မိမိတို့ တတ်စွမ်းသမျှ အင်ဂျင်နီယာပညာအဖုံဖုံကို အသုံးချကာ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အလုပ်အကျွေးပြုရင်း တာဝန်ကျေခဲ့ကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ယနေ့ အချိန်အခါ နိုင်ငံတစ်ဝန်း နေရာဒေသအနှံ့အပြားတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် အင်ဂျင်နီယာနှင့် ဗိသုကာနည်းပညာ ကြိုးပမ်းအားထုတ်မှုရလဒ်များအဖြစ် ခေတ်မီအခြေခံအဆောက်အအုံကြီးများ အပြိုင်အဆိုင် ခုံခုံညားညား ပေါ်ထွန်းလာနေပြီ ဖြစ်ကြောင်း။

စဉ်ဆက်မပြတ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားရေး ဘဝ စဉ်ဆက်မပြတ် မြင့်မားနေရေးကို ဦးတည်သည့် တိုင်းကျိုးပြည်ပြု လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခဲ့ရာတွင် ကိုယ့်ခွန်ကိုယ့်အားအပေါ် ယုံကြည်အားပြုပြီး ကြိုးပမ်းတည်ဆောက်ခဲ့ရကြောင်း၊ ကိုယ်ပိုင်သဘာဝ သယံဇာတ အရင်းအမြစ်များကို အကျိုးရှိရှိအသုံးချပြီး ကိုယ့်ခွန်ကိုယ့်အား၊ ကိုယ်ပိုင်အတတ်ပညာ၊ ကိုယ်ပိုင်စွမ်းအားများဖြင့် တည်ဆောက်နိုင်မှုလည်း ရေရှည်အကျိုးခံစားရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ အနာဂတ်ခရီးလမ်း အတွက်လည်း အစစအရာရာ အခြေခိုင်မာနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လည်း နိုင်ငံတော်အစိုးရအနေဖြင့် "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဆိုသည့် ယုံကြည်ချက်နှင့်အညီ ပြည်တွင်းမှာရှိသော အသိပညာရှင်၊ အတတ်ပညာရှင်များကို စုစည်းပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည့် အမျိုးသားရေးအင်အားစုများအဖြစ် ဖွဲ့စည်းပေးခဲ့ရာတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကြီးသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း။

၁၉၉၅ခုနှစ် ဒီဇင်ဘာ ၂၃ရက်က စတင်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းသည် ယနေ့ဆိုလျှင် အသင်းကြီး၏ သက်တမ်းသည် (၁၅)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည့်အတွက် အရှိန်အဟုန်ကောင်းကောင်းဖြင့် ခရီးဆက်နေပြီဖြစ်ကြောင်း၊ ယနေ့အထိ အသင်းဝင်ပေါင်း ၂၄၂၀၀ကျော်ကို တိုးချဲ့စည်းရုံးနိုင်သည်ကို တွေ့ရှိရသည့်အတွက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းသည် တောင့်တင်းခိုင်မာသော အမျိုးသားရေးအင်အားစုတစ်ရပ် အဖြစ် တည်ရှိနေပြီဟု ပြောနိုင်မည်ဖြစ်ကြောင်း၊ မြန်မာအင်ဂျင်နီယာ အတတ်ပညာရှင်များကို စုစည်းထားသည့် မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းကြီးသည် ယခုဆိုလျှင် နိုင်ငံတော်၏ အင်ဂျင်နီယာနည်းပညာဆိုင်ရာ တစ်ခုတည်းသော အမျိုးသားရေးအဖွဲ့အစည်းကြီးအဖြစ်သို့ ရောက်ရှိနေပြီ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းသည် မြန်မာအင်ဂျင်နီယာ များကို တိုးချဲ့စည်းရုံးနိုင်ရုံသာမကဘဲ အာဆီယံဒေသတွင်းက တခြားသော အင်ဂျင်နီယာ အဖွဲ့အစည်းများနှင့်လည်း တက်တက်ကြွကြွ ပူးပေါင်းဆက်သွယ် ဆောင်ရွက်နေသည်ကို တွေ့မြင်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိသည်ဟု အလေးအနက်ထား ပြောကြားလိုကြောင်း။

ဝမ်းမြောက်ဂုဏ်ယူ

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းသည် ပြီးခဲ့သည့် ၂၀၁၀ခုနှစ် ဒီဇင်ဘာလအတွင်း ဗီယက်နမ်နိုင်ငံ ဟန်္နွိုင်းမြို့၌ ကျင်းပသည့် (၂၈)ကြိမ်မြောက် အာဆီယံအင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ်ညီလာခံ (CAFEO-28) ကို တက်ရောက်ခဲ့ကြောင်း၊ ယင်းညီလာခံတွင် အာဆီယံ(၁၀)နိုင်ငံ အပါအဝင် ပြည်ပနိုင်ငံ (၁၆)နိုင်ငံမှ ကိုယ်စားလှယ် ၁၁၀၀ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၈၁ဦး တက်ရောက်ခဲ့ကြောင်း၊ ယင်း ညီလာခံတွင် မြန်မာနိုင်ငံအနေဖြင့် အင်ဂျင်နီယာနည်းပညာဆိုင်ရာ စာတမ်းသုံးစောင်ကို တင်သွင်းနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထူးခြားချက်အနေဖြင့် ယင်း(CAFEO) ညီလာခံတွင် မြန်မာနိုင်ငံ၌ အင်ဂျင်နီယာအတတ်ပညာ ထွန်းကားတိုးတက်ရေးအတွက် ဦးစီးဦးဆောင်ပြုခဲ့ကြသည့် အစိုးရအဖွဲ့ဝင် ဝန်ကြီး သုံးဦး၊ ဒုတိယဝန်ကြီး တစ်ဦးနှင့် ပညာရှင်တစ်ဦးတို့ကို အာဆီယံ အင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင် ပညာရှင်အသင်းသား (Honorary Fellow)ဘွဲ့အပ်နှင်းခဲ့ပြီး ကာယကံရှင်များကိုယ်စား မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌက လက်ခံရယူခဲ့ကြောင်း၊ ယနေ့ကဲ့သို့ မင်္ဂလာရှိသည့် နေ့မြတ်အချိန်အခါတွင် ဂုဏ်ထူးဆောင်ပညာရှင် အသင်းသား (Honorary Fellow) ဘွဲ့တံဆိပ်များကို အဆိုပါပုဂ္ဂိုလ်ကြီးများအား အပ်နှင်းပေးအပ်သွားမည်ဖြစ်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံတော်ကြီးအဖြစ်သို့ လျင်လျင်မြန်မြန် ကူးပြောင်းတက်လှမ်းနိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံ၏ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် သက်ဆိုင်ရာ စက်မှုဇုန်များအလိုက် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီများကို ထပ်မံဖွဲ့စည်းပြီး စက်မှုလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းခြင်း၊ စက်မှုနည်းပညာများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ကိုယ်စားလှယ်များ သည်လည်း သက်ဆိုင်ရာ နည်းပညာကော်မတီများတွင် အဖွဲ့ဝင်များအဖြစ် ပါဝင်ပြီး နိုင်ငံတော်၏ စက်မှုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့ရသည့်အတွက် အထူးပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရကြောင်း။

ဝိုင်းဝန်းကြိုးပမ်း

ယနေ့ခေတ်ကာလတွင် သိပ္ပံနှင့် နည်းပညာရပ်များ၊ အီလက်ထရွန်နစ် နည်းပညာရပ်များ၏ တိုးတက်ပြောင်းလဲမှုသည် ကြီးမားကျယ်ပြန့်ပြီး တစ်ရှိန်ထိုး မြန်ဆန်သွက်လက်နေကြောင်း၊ ထို့ကြောင့် နိုင်ငံတိုင်း နိုင်ငံတိုင်းသည် တိုးတက်ပြောင်းလဲ ဖြစ်ပေါ်လျက်ရှိသည့် နည်းပညာရပ်တွေကို အချိန်နှင့်တစ်ပြေးညီ လေ့လာသင်ယူ တတ်မြောက်ရေးကိုသာမက မိမိနိုင်ငံ၏ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ခေတ်မီနည်းပညာရပ်

အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်မှ ဂုဏ်ထူးဆောင် ဥက္ကဋ္ဌသည်တော် Mr. Choo Kok Beng က (၂၈)ကြိမ်မြောက် အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် ညီလာခံက အပ်နှင်းချီးမြှင့်သည့် AFEO Honorary Fellow ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ကို အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းထံ ပေးအပ်စဉ်။ (သတင်းစဉ်)

အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်မှ ဂုဏ်ထူးဆောင် ဥက္ကဋ္ဌသည်တော် Mr. Choo Kok Beng က (၂၈)ကြိမ်မြောက် အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် ညီလာခံက အပ်နှင်းချီးမြှင့်သည့် AFEO Honorary Fellow ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ကို ဗိုလ်မှူးကြီးဉာဏ်ထွန်းဦး(အငြိမ်းစား)ထံ ပေးအပ်စဉ်။ (သတင်းစဉ်)

များကို လက်တွေ့ကျကျ အသုံးချနိုင်ရန် အပြိ…
ခြင်းဖြစ်ကြောင်း၊ တိုင်းပြည်က ကြိုးစားပမ်းစာ…
အရည်အချင်းမြင့်မားသော မြန်မာအင်ဂျင်နီယာ…
တတ်ကျွမ်းနားလည်သည့် အသိပညာ၊ အတတ်…
နိုင်ငံတော်ကြီး အရှိန်အဟုန်နှင့် ဖွံ့ဖြိုးတိုးတက်…
လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာအေ…
ရည်မှန်းချက်ဖြစ်သည့် ခေတ်မီစက်မှု နိုင်ငံတေ…
တက်လှမ်းနိုင်အောင် ဝိုင်းဝန်းတာဝန်ယူ ကြိုးပမ်…
ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့…
အဆောက်အအုံများ အစဉ်တစိုက် တိုးချဲ့တည်…
အမျိုးသားစီးပွားရေးမဏ္ဍိုင်ကို လယ်ယာစိုက်ပ…
စက်မှုနည်းပညာအခြေပြု ရည်မှန်းချက်ပန်းတိုင်…
ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယင်းရည်မှန်…
ပုံဖော်နိုင်အောင် နိုင်ငံတော်၏ အချက်အချာ…
ထူထောင်ပေးနေသကဲ့သို့ နိုင်ငံပိုင် စက်ရုံများ…
ပုဂ္ဂလိကကဏ္ဍကို လွှဲပြောင်းလုပ်ကိုင်ခွင့်ပေးပြီး…
လာအောင်လည်း အားပေးကူညီလျက်ရှိကြေ…
လိုက်ဖေးရှင်းခေတ် နိုင်ငံတကာစီးပွားရေးတွင်…
မြင့်မားစေရေးအတွက် အရင်းအနှီး၊ သဘာဝအ…
နိမ့်ကျသည့် လုပ်သားအင်အားစုအပေါ် အဓိက…
ကျစ်လျစ်မှု အားနည်းသည့် တိုးတက်မှုပုံသဏ္ဍာ…
သော လူသားအရင်းအမြစ်၊ ခေတ်မီစက်မှုနည်း…
တို့ဖြင့် စွမ်းရည်မြင့်မားပြီး သိပ်သည်းမှုရှိ…
တိုးတက်ကူးပြောင်းရောက်ရှိနိုင်ရန် အားထုတ်…
ကြရမည် ဖြစ်ကြောင်း။

တိုးမြှင့်ထုတ်လုပ်…

အနာဂတ်နိုင်ငံတော်သစ်အနေဖြင့် ကမ္ဘာ့…
ပေါင်းစည်းဆက်သွယ်နိုင်မည့် နည်းပညာအဆ…
အခြေအနေကို ရောက်ရှိနိုင်ရန်အတွက် နိုင်ငံတေ…
လုပ်မှုတန်ဖိုးတွင် တီထွင်ဖန်တီးမှု စီးပွားရေး…
အချိုးအစား မြင့်မြင့်မားမား ပါဝင်လာအောင်လ…
မှုနှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအ…
နိုင်ငံအနေဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာ စီးပွ…
မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာတွင် …
ကုန်သွယ်မှုဒေသကို ၂၀၁၅ခုနှစ်တွင် စတင်…
အတွက် ယင်းအချိန်တွင် ဖြစ်ပေါ်လာမည့် စိ…
အောင် ယခုကပင်စတင်၍ စံချိန်စံညွှန်းမီ၊ န…
အသွေးမြင့်မားသည့် စက်မှုထုတ်ကုန်ပစ္စည်းမျ…
နိုင်ငံတော်စီးပွားရေး၏ ယှဉ်ပြိုင်နိုင်မှု စွမ်းအား…
မည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်း…
တိုးတက်သော နိုင်ငံတော်သစ်ကြီး ပေါ်ထွန်း…
ရည်မှန်းချက်ပန်းတိုင်ကို အရောက်လှမ်းနိုင်ရန်အ…
သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်ဆင့်ပြီး…
ဖော် ဆောင်ရွက်လျက်ရှိရာ ပါတီစုံဒီမိုကရေစီ…
ကြီးကို တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းန…
ခဲ့ပြီဖြစ်၍ မကြာမီ လွှတ်တော်အရပ်ရပ်ကို …
အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်…
ထိန်းကျောင်းမှုများ စနစ်တကျ ထွက်ပေါ်…
ယခုလို ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ အင်ဂျင်…
နိုင်ငံတော်၏ အမျိုးသားရေး အင်အားစုကြီ…
ကျရာကဏ္ဍအသီးသီးမှ ပူးပေါင်းလက်တွဲ …
ဖြစ်ကြောင်း။

အကျိုးပြုဆောင်ရွက်…

နိဂုံးချုပ်အနေဖြင့် –

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းကြီးသည်…
များကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်အတွ…
နီယာသားကောင်းများအဖြစ် ဆက်လက်ဆော…
အင်ဂျင်နီယာအတတ် နည်းပညာစွမ်းပကားကို…

များကို လက်တွေ့ကျကျ အသုံးချနိုင်ရန် အပြိုင်အဆိုင် ကြိုးပမ်းနေကြရခြင်းဖြစ်ကြောင်း၊ တိုင်းပြည်က ကြိုးစားပမ်းစား မွေးထုတ်ပေးလိုက်သည့် အရည်အချင်းမြင့်မားသော မြန်မာအင်ဂျင်နီယာပညာရှင်များအနေဖြင့် မိမိတတ်ကျွမ်းနားလည်သည့် အသိပညာ၊ အတတ်ပညာ ကျွမ်းကျင်မှုများဖြင့် နိုင်ငံတော်ကြီး အရှိန်အဟုန်နှင့် ဖွံ့ဖြိုးတိုးတက်လာအောင်၊ ပြည်သူများ၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာအောင်၊ နိုင်ငံတော်၏ အဓိကရည်မှန်းချက်ဖြစ်သည့် ခေတ်မီစက်မှု နိုင်ငံတော်ကြီးအဖြစ်သို့ ကူးပြောင်းတက်လှမ်းနိုင်အောင် ဝိုင်းဝန်းတာဝန်ယူ ကြိုးပမ်းဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများ အစဉ်တစိုက် တိုးချဲ့တည်ဆောက်ပေးနေခြင်းသည် အမျိုးသားစီးပွားရေးမဏ္ဍိုင်ကို လယ်ယာစိုက်ပျိုးရေးအခြေပြု မူလဘဝမှ စက်မှုနည်းပညာအခြေပြု ရည်မှန်းချက်ပန်းတိုင်သို့ ဦးတည်လျှောက်လှမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယင်းရည်မှန်းချက် တဖြည်းဖြည်းချင်းပုံဖော်နိုင်အောင် နိုင်ငံတော်၏ အချက်အချာဒေသများတွင် စက်မှုဇုန်များ ထူထောင်ပေးနေသကဲ့သို့ နိုင်ငံပိုင် စက်ရုံများ၊ အလုပ်ရုံများကိုလည်း ပုဂ္ဂလိကကဏ္ဍကို လွှဲပြောင်းလုပ်ကိုင်ခွင့်ပေးပြီး စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာအောင်လည်း အားပေးကူညီလျက်ရှိကြောင်း၊ ယနေ့ ဂလိုဘယ်လိုက်ဇေးရှင်းခေတ် နိုင်ငံတကာစီးပွားရေးတွင် ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်မြင့်မားစေရေးအတွက် အရင်းအနှီး၊ သဘာဝအရင်းအမြစ်နှင့် အရည်အသွေးနိမ့်ကျသည့် လုပ်သားအင်အားစုအပေါ် အဓိကအမှီပြု အားထားနေရသော ကျစ်လျစ်မှု အားနည်းသည့် တိုးတက်မှုပုံသဏ္ဌာန်မှ အရည်အသွေးမြင့်မားသော လူသားအရင်းအမြစ်၊ ခေတ်မီစက်မှုနည်းပညာဆိုင်ရာ ကျွမ်းကျင်မှုတို့ဖြင့် စွမ်းရည်မြင့်မားပြီး သိပ်သည်းမှုရှိသည့် ပုံသဏ္ဌာန်သစ်ကို တိုးတက်ကူးပြောင်းရောက်ရှိနိုင်ရန် အားထုတ်ကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

တိုးမြှင့်ထုတ်လုပ်

အနာဂတ်နိုင်ငံတော်သစ်အနေဖြင့် ကမ္ဘာ့စီးပွားရေးနှင့် အလိုက်သင့်ပေါင်းစည်းဆက်သွယ်နိုင်မည့် နည်းပညာအဆင့်မြင့် အမျိုးသားစီးပွားရေးအခြေအနေကို ရောက်ရှိနိုင်ရန်အတွက် နိုင်ငံတော်၏ အမျိုးသား ကုန်ထုတ်လုပ်မှုတန်ဖိုးတွင် တီထွင်ဖန်တီးမှု စီးပွားရေး Creative Economy ၏ အချိုးအစား မြင့်မြင့်မားမား ပါဝင်လာအောင်လည်း နိုင်ငံတော်၏ ဦးဆောင်မှုနှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာတွင် အာဆီယံ လွတ်လပ်သောကုန်သွယ်မှုဒေသကို ၂၀၁၅ခုနှစ်တွင် စတင်ပါဝင်ရတော့မည်ဖြစ်သည့်အတွက် ယင်းအချိန်တွင် ဖြစ်ပေါ်လာမည့် စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်အောင် ယခုကပင်စတင်၍ စံချိန်စံညွှန်းမီ၊ နည်းပညာ အဆင့်မီ အရည်အသွေးမြင့်မားသည့် စက်မှုထုတ်ကုန်ပစ္စည်းများကို တိုးမြှင့်ထုတ်လုပ်ပြီး နိုင်ငံတော်စီးပွားရေး၏ ယှဉ်ပြိုင်နိုင်မှု စွမ်းအားကို မြှင့်တင်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းရေးဆိုသည့် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ကို အရောက်လှမ်းနိုင်ရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းနှင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီဖြစ်၍ မကြာမီ လွှတ်တော်အရပ်ရပ်ကို ဆင့်ခေါ်ကာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီး(၃)ရပ်၏ အပြန်အလှန်ထိန်းကျောင်းမှုများ စနစ်တကျ ထွက်ပေါ်လာတော့မည်ဖြစ်ကြောင်း၊ ယခုလို ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကြီးကလည်း နိုင်ငံတော်၏ အမျိုးသားရေး အင်အားစုကြီးတစ်ရပ်ဖြစ်သည်နှင့်အညီ ကျရာကဏ္ဍအသီးသီးမှ ပူးပေါင်းလက်တွဲ ကြိုးပမ်းဆောင်ရွက်သွားရန် ဖြစ်ကြောင်း။

အကျိုးပြုဆောင်ရွက်

နိဂုံးချုပ်အနေဖြင့် -

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းကြီးသည် ရရှိပြီးခဲ့သောအောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်အတွက် ဂုဏ်ယူဖွယ်ရာ အင်ဂျင်နီယာသားကောင်းများအဖြစ် ဆက်လက်ဆောင်ရွက်သွားကြပါ။ မြန်မာ့အင်ဂျင်နီယာအတတ် နည်းပညာစွမ်းပကားကို နိုင်ငံနှင့် လူမျိုးအတွက်

အထိရောက်ဆုံး အသုံးချရင်း ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်မည့် အင်ဂျင်နီယာနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ကြိုးပမ်းကြပါ။ နိုင်ငံတော်ရှေ့ဆက်သွားမည့် ခရီးလမ်းတစ်လျှောက် မိမိတို့၏ အင်ဂျင်နီယာ အတတ်ပညာများနှင့် ထိထိရောက်ရောက် အကျိုးပြုဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးဟန်ဇော်နှင့် အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်မှ ဂုဏ်ထူးဆောင်ဧည့်သည်တော် Mr. Choo Kok Beng တို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အထွေထွေအတွင်းရေးမှူး ဦးအောင်မြင့်က အသင်း၏ ဆောင်ရွက်ချက်အကျဉ်းကို ရှင်းလင်းတင်ပြသည်။

ပေးအပ်

ယင်းနောက် အာဆီယံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်မှ ဂုဏ်ထူးဆောင်ဧည့်သည်တော် Mr. Choo Kok Beng က ၂၀၁၀ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ကျင်းပသည့် (၂၈)ကြိမ်မြောက် အာဆီယံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် ညီလာခံက အပ်နှင်းချီးမြှင့်သည့် AFEO Honorary Fellow ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ကို မြန်မာနိုင်ငံမှ ရရှိကြသော အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းကိုယ်စား ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဟိန်းထက်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေနှင့် ဗိုလ်မှူးကြီးဉာဏ်ထွန်းဦး(အငြိမ်းစား)တို့အား ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များကို ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးဟန်ဇော်က AFEO မှ ဂုဏ်ထူးဆောင်ဧည့်သည်တော် Mr. Choo Kok Beng အား မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ MES Honorary Membership Award ဘွဲ့တံဆိပ်ကိုလည်းကောင်း၊ MES Outstanding Award ဘွဲ့တံဆိပ်ရရှိသော ရဲရွာရေအားလျှပ်စစ် စီမံကိန်းအတွက် ဘွဲ့တံဆိပ်ကို ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဟိန်းထက် အားလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဝန်ကြီးဦးခင်မောင်မြင့်က မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းသို့ အလှူငွေများ လှူဒါန်းသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၊ AFEO မှ ကိုယ်စားလှယ်များ၊ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရရှိကြသူများနှင့် အလှူရှင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား အာဆီယံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်(AFEO)မှ ဂုဏ်ထူးဆောင်ဧည့်သည်တော် Mr. Choo Kok Beng က ဂုဏ်ပြုလက်ဆောင်ကို ဂါရဝပြုပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ရှင်းလင်းပြသ

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ လှုပ်ရှားမှုမှတ်တမ်း ဓာတ်ပုံများ၊ Quality Control Lab၊ စာကြည့်တိုက်၊ မြန်မာနိုင်ငံ မြေငလျင်ကော်မတီ၏ မြေငလျင်ဆိုင်ရာပညာပေးပြခန်း၊ ဘဝသစ်နယ်လှည့်အသိပညာပေးအဖွဲ့၏ ပညာပေးပြခန်းနှင့်သဘာဝဘေးဒဏ်ခံနိုင်သည့် နေအိမ်နမူနာပုံစံများကို လှည့်လည်ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်

အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် (AFEO) သည် အင်ဂျင်နီယာကဏ္ဍ တိုးတက်ပြန့်ပွားရေးလုပ်ငန်းများတွင် အားတက်သရော ကူညီအားပေးခဲ့သည့် နိုင်ငံတော်အကြီးအကဲများ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်ကြီးများအားချီးမြှင့်သည့် AFEO Distinguished Honorary Fellow ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်၊ အင်ဂျင်နီယာပညာရပ်များ ထွန်းကားပြန့်ပွားရေးအတွက် ထူးချွန်စွာပါဝင်ခဲ့သူများအား ချီးမြှင့်သည့် AFEO Honorary Fellow ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် အင်ဂျင်နီယာလုပ်ငန်းများ တိုးတက်ပြန့်ပွားရေးအတွက် တက်ကြွစွာ ပါဝင်ခဲ့သူများအားချီးမြှင့်သည့် AFEO Honorary Member ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်တို့ကို ချီးမြှင့်လျက်ရှိရာ မြန်မာနိုင်ငံမှ ၂၀၁၀ခုနှစ်အထိ AFEO Distinguished Honorary Fellow ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ရရှိသူနှစ်ဦး၊ AFEO Honorary Fellow ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် AFEO Honorary Member ဘွဲ့တံဆိပ်ရရှိသူ ၃၀ဦးစီတို့ကို ဘွဲ့တံဆိပ်များ အပ်နှင်းချီးမြှင့်ခဲ့ပြီးဖြစ်သည်။

အလားတူ အာဆီယံအင်ဂျင်နီယာအသိအမှတ်ပြု မှတ်ပုံတင်လက်မှတ် (ASEAN Engineers Register-AER) ကိုလည်း စိစစ်ချီးမြှင့်လျက်ရှိရာ မြန်မာနိုင်ငံမှ ၂၀၁၀ခုနှစ်အတွက်ရရှိသူ ၁၈ဦးအပါအဝင် အင်ဂျင်နီယာ ၁၄၂ဦး AER လက်မှတ် ချီးမြှင့်ခံရပြီးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၄-၁-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ **အဂ္ဂဇေယမင်္ဂလံ** (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
- ၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈:၀၀ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈:၁၀ ၇။ အကပြိုင်ပွဲ
- ၈:၂၀ ၈။ တေးဂီတအစီအစဉ်
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ **ကလေးများအတွက် အကောင်းဆုံး**
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ အဆိုပြိုင်ပွဲ
- ၄:၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄:၄၀ ၅။ နှောင်းခေတ်တေးပဒေသာ
- ၄:၅၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (စီးပွားရေးပညာ၊ ပြည်သူ့ရေးရာ၊ စီးပွားစီမံအထူးပြုများ) (စီးပွားရေးပညာ)
- ၅:၀၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၁၀ ၈။ မြန်မာစာ၊ မြန်မာစကား
- ၅:၂၅ ၉။ တေးဂီတအစီအစဉ်
- ၅:၃၅ ၁၀။ **ရိုးသားဖြူစင် ကလေးတို့အသွင်**
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ ရသစုံလင် အင်တာနက်ဥယျာဉ်
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (ဒုတိယတွဲ) (အပိုင်း-၂)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **လျှပ်တစ်ပြက်ဟာသများ**
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **စိတ်ကူးနဲ့ကြမ္မာ** (အပိုင်း-၁၉)
- ၂၀။ **သီချင်းချစ်သူ** (ခိုင်မြဲသာ)
- ၂၁။ အစီအစဉ်ပြီး၏။

လေ့လာဖတ်ရှုလိုသူ အထူးများပြားနေသည့် ဥပဒေ၊ နည်းဥပဒေစာအုပ် (၁၇)မျိုးအား ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ သိမ်ဖြူလမ်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများတွင် လိုအပ်သလောက် ရောင်းချပေးသွားမည်

နေပြည်တော် ဇန်နဝါရီ ၁၃

ပြည်သူအများ လေ့လာဖတ်ရှုနိုင်ရေးအတွက် ပုံနှိပ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် ဥပဒေ၊ နည်းဥပဒေစာအုပ် (၁၇)မျိုးအား လေ့လာဖတ်ရှုလိုသူ အထူးများပြားနေသည့်အတွက် ဇန်နဝါရီ ၁၄ရက်မှစ၍ ရန်ကုန်မြို့ ကုန်သည်လမ်းစာပေဗိမာန်စာအုပ် အရောင်းဆိုင်၊ သိမ်ဖြူလမ်း သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်နှင့် ပန်းဆိုးတန်းလမ်း(အောက်) ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတို့၌ လိုအပ်သလောက် ဖြန့်ချိရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ အထူးအစီအစဉ်အနေဖြင့် ရုံးပိတ်ရက်များတွင်ပါ အရောင်းဆိုင်များ ဖွင့်လှစ် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဝယ်ယူရရှိနိုင်

အလားတူ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ၌လည်း ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အရှည်ပေ ၁၆၅၀ရှိ မြို့သစ်မြို့ မြို့ဦးလမ်း ကတ္တရာလမ်းဖွင့်ပွဲကို ဇန်နဝါရီ ၁ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်နိုင်စိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်နိုင်နှင့် မြို့မိမြို့ဖ ဦးဝင်းစီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ကြစဉ်။ (မြို့နယ်စည်ပင်)

ဖားကန့်စည်ပင်သာယာ ကျေးလက်ရေပေးရေးလုပ်ငန်းဖွင့်

ဖားကန့် ဇန်နဝါရီ ၁၃

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဒွန်ဘန်ကျေးရွာ ကျေးလက်ရေပေးရေး လုပ်ငန်းဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ရက်က ဒွန်ဘန်ကျေးရွာ၌ ကျင်းပခဲ့သည်။

ဖွင့်လှစ်ပေး

အခမ်းအနားတွင် ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် တက်ရောက်ခဲ့ပြီး ဖားကန့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဇော်ဦးနှင့် ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်လင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ကျန်းမာသူခရစေဖို့ နေ့စဉ်မှန်မှန်လမ်းလျှောက်စို့

ဒေါ်တင်နွယ်ဦး
(မှန်ချို)

ဒီနေ့ခေတ် မြို့ပြဒေသတွင်သာမ ကျေးလက်ဒေသကလူတွေပါ ကျန်းမာတဲ့လူနေမှုဘဝပုံစံကို တန်ဖိုးထားလိုက်နာလာကြတာ တွေ့ရပါတယ်။ မြို့ပြနဲ့ ကျေးလက် ကွာခြားတဲ့ အချက်ကတော့ ကျေးလက်ဒေသတွေမှာ ကျန်းမာတဲ့ လူနေမှုဘဝကို အလိုအလျောက်ရရှိနေသလိုပါပဲ။ ကျေးလက်ဒေသမှာနေထိုင်ကြတဲ့လူများဟာ စိမ်းစိုလန်းဆန်းနေတဲ့ တောတောင်ရဲ့ သဘာဝရှုခင်း၊ သန့်ရှင်းလတ်ဆတ်တဲ့ဒေသထွက်အစားအစာ၊ မွှေးကြိုင်သင်းပျံ့တဲ့ပန်းရနံ့၊ သန့်ရှင်းလတ်ဆတ်တဲ့ လေနုအေး၊ လတ်ဆတ်တဲ့ အသား၊ ငါး၊ ကြက်ဥနဲ့ ဟင်းသီးဟင်းရွက်တွေ၊ အာဟာရဓာတ်ပေါကြွယ်လှတဲ့ နွားနို့၊ ဆိတ်နို့ စတဲ့ နို့အမျိုးမျိုး စတာတွေဟာ ကျန်းမာရေးအတွက် သဘာဝကပေးတဲ့ ဆေးတစ်ခွက်လို အကျိုးပြုနေတဲ့အတွက် အသက်ရှစ်ဆယ်ကျော်၊ ကိုးဆယ်တွေကို ကျေးလက်ဒေသတွေမှာ အများအပြားတွေ့ရလေ့ရှိတာပါပဲ။ အခုဆောင်းပါးမှာတော့ စာရေးသူအနေနဲ့ လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေထိုင်နိုင်ဖို့ အထောက်အကူပြုတဲ့ လူတိုင်းလမ်းလျှောက်တဲ့အလေ့အကျင့်ကို စွဲစွဲမြဲမြဲ လုပ်သင့်တဲ့အကြောင်း တင်ပြသွားမှာဖြစ်ပါတယ်။

စကားစပ်မိလို့ စာရေးသူတွေ့ဖူးတဲ့ ဘိုးသက်ရှည်၊ ဘွားသက်ရှည်အချို့အကြောင်း တင်ပြချင်ပါတယ်။ ထူးခြားတာလေးတွေက အဲဒီ အဘိုး-အဘွားတွေဟာ အသက်ရှစ်ဆယ်ကျော်တာတောင် အသားအရေက ဝါဝင်းစိုပြည်ပြီး မျက်စိမမှုန်၊ နားမထိုင်း၊ ခါးမကိုင်း၊ ပါးရေနားရေသိပ်မတွန့်ဘဲ အရွယ်တင်တာ တွေ့ရတာပါပဲ။ သွားတွေလည်းကောင်းတာတွေ့ရပါတယ်။ မြေပဲလှော်နဲ့ အတော်အတန်မာတဲ့ပဲလှော်ကို တကျွတ်ကျွတ်မြည်အောင် ဝါးစားနေဆဲပါပဲ။ အဲဒီအဘိုး၊ အဘွားတွေ အားလုံးရဲ့ တူညီတဲ့အချက်ကတော့ ငယ်စဉ်ကတည်းက မိမိတို့လုပ်နိုင်သမျှ အိမ်လုပ်ငန်းတွေဖြစ်တဲ့ (ထင်းခွဲ၊ ရေခပ်တို့လို) ကိုယ်လက်လှုပ်ရှားမှု တစ်ခုခုပုံမှန်လုပ်နေတတ်ကြတာ၊ အထူးသဖြင့် လမ်းလျှောက်ကြတဲ့အချက်ပါပဲ။

လူသားတွေရဲ့ကျန်းမာရေးမှာ လမ်းလျှောက်ခြင်းဆိုတဲ့ (အလေ့အကျင့်) လုပ်ငန်းဟာ အရေးကြီးပါတယ်။ ခုနက စာရေးသူပြောတဲ့ အဘိုး၊ အဘွားများဟာ မနက်ခင်းစောစောထ၊ ဘုရားဝတ်ပြုပြီးတာနဲ့ လေကောင်းလေသန့်ရှူရှိုက်ရင်း နာရီဝက်ကနေတစ်နာရီလောက်ထိ လမ်းလျှောက်လေ့ရှိတာ တွေ့ရပါတယ်။ သူတို့ဟာ လမ်းဘယ်လောက်ထိလျှောက်သလဲဆိုရင် မိုးတွင်းကာလ မိုးရွာနေရင်တောင် ထီးဆောင်းပြီးလမ်းလျှောက်ကြတဲ့သူတွေပါပဲ။ မနက်ပဲဖြစ်ဖြစ်၊ ညနေခင်းပဲဖြစ်ဖြစ် နာရီဝက်ကနေ တစ်နာရီလောက်အထိ လမ်းလျှောက်လေ့ရှိကြပါတယ်။ စာရေးသူရဲ့အဘိုးက **"လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျ အသက်သာဆုံးနဲ့ အကောင်းဆုံး လေ့ကျင့်ခန်းတစ်ခုကို လုပ်တာဖြစ်တယ်"** လို့ဆိုပါတယ်။ လမ်းလျှောက်ခြင်း(စင်္ကြံလျှောက်ခြင်း) အကျိုးကျေးဇူးနဲ့ပတ်သက်ပြီး "ခရီးသွားနိုင်၊ ကြံ့ခိုင်-အားအင်၊ စိတ်ကြည်လင်၍ အစာကြေညက်၊ မပျက်သမာဓိ၊ ငါးပါးရှိ၊ များ၏စင်္ကြံအကျိုးတည်း"လို့ ပြဆိုထားတာ မှတ်သားရဖူးပါတယ်။

စာရေးသူမှတ်ဖူးတဲ့ အသက်ရှည်ရာ အနာမဲ့ကြောင်းနဲ့ ပတ်သက်လို့ ပါဠိစာပေကျမ်းဂန်တွေမှာ-

သပ္ပါယကာရီ	**- မိမိနှင့်သင့်သောအမှုကိစ္စများကိုသာဆောင်ရွက်ခြင်း**
သပ္ပါယေမတ္တံဇာနာတိ	**- ထိုသို့ပြုလုပ်ရာ၌အတိုင်းအရှည်ကိုသိခြင်း**
ပရိဏတဘောဇီ	**- ကြေကျက်(ညက်) လွယ်သောအစာကိုသာ စားသောက်လေ့ရှိခြင်း**
သီလဝါ	**- ငါးပါးသီလနှင့်ပြည့်စုံခြင်း**
ကလျာဏမိတ္တတာ	**- မိတ်ကောင်းဆွေမွန်ရှိခြင်းလို့ ဟောကြားတော်မူထားတာရှိပါတယ်။**

မြန်မာ့တိုင်းရင်းဆေးပညာမှာ ကျန်းမာရေးအတွက် အလွန်အရေးပါတဲ့ ကံ၊ စိတ်၊ ဥတုနဲ့ အာဟာရဆိုတဲ့ သမုဋ္ဌာန်အကြောင်းတရား လေးပါးဆိုတာ ရှိပါတယ်။ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတနေမှ ကိုယ်ရောစိတ်ပါ ကျန်းမာမှာပါ။ မကျန်းမာခြင်း(ဝါ)အနာရောဂါရခြင်းဟာ သမုဋ္ဌာန်လေးပါးညီညွတ်မျှတမှုမရှိလို့ဖြစ်ပါတယ်။ အခုဆောင်းပါးမှာ သမုဋ္ဌာန်လေးပါးနဲ့ ကျန်းမာရေး ဆက်စပ်မှုကို အနည်းငယ်တင်ပြလိုပါတယ်။

"ကံ"(ကမ္မသမုဋ္ဌာန်)

"ကံ"ဆိုသည်မှာ အလုပ်ပင်ဖြစ်ပါတယ်။ "အလုပ်" ဆိုတာက ကာယကံ၊ ဝစီကံနဲ့ ပြုမူ၊ လိုက်နာ-ကျင့်ကြံ နေထိုင်ခြင်းပင်ဖြစ်ပါတယ်။ ကျန်းမာရေးကို စောင့်ရှောက်ထိန်းသိမ်းနိုင်ဖို့ ကျန်းမာရေးဗဟုသုတ အသိပညာရှိအောင်လုပ်ကြရသလို အသိပညာကို လက်တွေ့အသုံးချ နေကြရပါတယ်။ အသိပညာကို လက်တွေ့အသုံးချတတ်တဲ့ အလေ့အကျင့်ကနေ အလေ့အထဖြစ်လာအောင် ကြိုးစားလုပ်ကိုင်နေထိုင်ကြရပါတယ်။ ကံ(ကမ္မသမုဋ္ဌာန်)နဲ့ ပတ်သက်လို့ရှိရင် မိမိခံနိုင်စွမ်းရည်ထက် ပိုမိုလုပ်ကိုင်ဆောင်ရွက်ခြင်း၊ မူးယစ်ထုံထိုင်းစေတဲ့ဆေးဝါးများသုံးစွဲခြင်း၊ ဆီး-ဝမ်း-သွေး-လေတို့ကို ချုပ်တည်းခြင်းဟာ ကျန်းမာရေးကို ထိခိုက်စေသော ကံအကြောင်းတရားများပင်ဖြစ်ပါတယ်။ ကျန်းမာရေးဆိုင်ရာ "အသိ"၊ "သတိ"တို့နှင့် ယှဉ်တွဲနေထိုင်၊ စားသောက်၊ ကျင့်ကြံတတ်တဲ့ အလေ့အထ (အဝမလွန်အောင် ဂရုစိုက်ဆောင်ရွက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများပြုလုပ်ခြင်းစသည်)ဟာ "အာရောဂျ ပရမံ လာဘံ"ဆိုတဲ့ "ကံ"အခွင့်အလမ်းကို ခံစားစေရမယ့် အကြောင်းတရားဖြစ်ပါတယ်။

"စိတ်"(စိတ္တသမုဋ္ဌာန်)

လူသားတို့၏ ရုပ်ခန္ဓာအကောင်အထည်ကြီးဟာ စိတ်၏ဦးဆောင်မှုအလိုအတိုင်း ဖြစ်ပျက်တည်ရှိနေပါတယ်။ "ရုပ်"နှင့်"နာမ်"၊"ကံ"နှင့်"စိတ်"တို့ဟာ အပြန်အလှန် မှီတွယ်နေရတဲ့အတွက် "ကံ"၏ အကြောင်းတရားအရင်းခံဖြစ်တဲ့ "အလုပ်"ဟာ စိတ်ရဲ့စေစားရာ ဆောင်ရွက်စီမံကြရတဲ့လုပ်ငန်းစဉ်များပင်ဖြစ်ပါတယ်။ "အတ္တာဟိ အတ္တနော နာထော" မိမိကိုယ်သာ ကိုးကွယ်ရာလို့ ဘုရားရှင်ဟောတော်မူထားပါတယ်။ "စိတ်ပျိုကိုယ်နု"၊ "စိတ်ထောင်းကိုယ်ကြေ" ဖြစ်ရတယ်ဆိုတဲ့ မြန်မာ့ဆိုရိုးစကားဟာ "စိတ်"ရဲ့ ပြဋ္ဌာန်းချက်ကြောင့် ရုပ်ခန္ဓာကျန်းမာကြံ့ခိုင်မှုကို သက်ရောက်ရပါတယ်။ ဒီအတွက် လူတို့ရဲ့ ကျန်းမာရေးအတွက် "စိတ်" သဘောထားတတ်မှု အလွန်အရေးပါကြောင်း သိသာထင်ရှားနေပါတယ်။

အမျက်ဒေါသကြီးခြင်း၊ စိတ်သောကများခြင်းနှင့် စိတ်အားငယ်ခြင်းတို့ကိုရှောင်ရှားပြီး မေတ္တာပွားကာ သင့်တင့်စွာနှလုံးသွင်းခြင်းဟာ ကျန်းမာရေးကိုကောင်းမွန်စေနိုင်တဲ့ စိတ်သမုဋ္ဌာန်ရဲ့ ပြဋ္ဌာန်းချက်ပင် ဖြစ်ပါတယ်။

"ဥတု"(ဥတုသမုဋ္ဌာန်)

ဥတုရာသီဆိုတာ အပူအအေးသဘော၊ သဘာဝ တရားပင်ဖြစ်ပါတယ်။ ကိုယ်ခန္ဓာအတွင်းရှိ ဓာတ်ကြီးငါးပါး (ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ အာကာသ) ညီညွတ်မျှတမှုကိုရရှိအောင် အပူပြင်းတဲ့အခါ အေးတဲ့အရိပ်အာဝါသမှာနေထိုင်တာ၊ အေးလွန်းတဲ့အခါ နွေးထွေးမှုရရှိစေသော အသုံးအဆောင်များနှင့် ပြုပြင်နေထိုင်တာဟာ ကျန်းမာရေးကိုစောင့်ရှောက်ခြင်းပင်ဖြစ်ပါတယ်။

ဥတုဘောဇနသင်္ဂဟကျမ်းမှာ ရေကိုကျိုချက်သောက်ရာမှာတောင် ရာသီအားလျော်စွာ- **(၁)ဝဿာန၊ ဂိမှ ရာသီတို့၌ ရှစ်ဖို့တစ်ဖို့ (၂) သရဒ ရာသီ၌ လေးဖို့တစ်ဖို့ ကြွင်းကျိုပါ။ (၃) သိသိရ၊ ဝသန္တ၊ ဟေမရာသီတို့၌ နှစ်ဖို့တစ်ဖို့ (၄)သာမန်အသုံးပြုလိုသည့်အခါမျိုး၌ (ဆူပွက်ရုံ)မျှ ကျိုချက်သောက်သုံးပါလို့ ဆိုထားပါတယ်။**

ကျန်းမာရေးစောင့်ရှောက်မှုအတွက် သဘာဝမြေ၊ ရေ၊ လေ၊ ဥတုရာသီတို့ကို လိုက်လျောညီထွေ ပြုပြင်နေထိုင်ဖို့ အရေးကြီးကြောင်းကို "ဥတု" သမုဋ္ဌာန်အနေနဲ့ မြန်မာ့တိုင်းရင်းဆေးပညာမှာ ဖော်ပြထားပါတယ်။ သဘာဝရာသီဥတုနဲ့ကိုက်ညီအောင် ဝတ်စားဆင်ယင်နေထိုင်ခြင်းဖြင့် ကျန်းမာစေမှာဖြစ်ပါတယ်။

"အာဟာရ"(အာဟာရသမုဋ္ဌာန်)

"သဗ္ဗေသတ္တာ အာဟာရ ဋ္ဌိတိကာ"တည်းဟူသောသတ္တဝါတို့၏ အသက်ရှင် ခြင်းဖြစ်စဉ်က အာဟာရပေါ်မှာတည်မှီနေပါတယ်။ ချို-ချဉ်-ငန်-စပ်-ခါး-ဖန် ဆိုတဲ့ အရသာခြောက်မျိုးထဲက တစ်မျိုးမျိုးကို အလွန်အကြူးခုံမင်နှစ်သက်ပါက ကောင်းကျိုးထက်ဆိုးကျိုးသာဖြစ်စေမှာပါ။ အရသာခြောက်ပါးကို မျှမျှတတစားသုံးမှီဝဲခြင်းဟာ ခန္ဓာကိုယ်အတွက် လိုအပ်တဲ့အာဟာရကို ဖြစ်စေပြီး ရောဂါဘယများကို ကာကွယ်တားဆီးတဲ့အတွက် ကျန်းမာအသက်ရှည်မှာ မလွဲပါဘူး။

"အာရုံ၊ နေရာ၊ ဆေး၊ အစာ"ဆိုတဲ့ မြန်မာ့တိုင်းရင်း ဆေးပညာညွှန်ပြချက်တစ်ရပ်ဟာ အစားအစာကို အာဟာရဖြစ်အောင် ညီညွတ်မျှတစွာ မှီဝဲသုံးဆောင်တတ်ရေးအတွက် အရေးပါတဲ့ပြဋ္ဌာန်းချက်ပင် ဖြစ်ပါတယ်။ ချို-ချဉ်-ငန်-စပ်-ခါး-ဖန် အရသာခြောက်ပါးမှတစ်ခုခု လွန်ကဲတဲ့အစာများ စားသုံးခြင်းကိုရှောင်ကြဉ်ပြီး သင့်တော်မယ့် အစာအာဟာရများကို ရွေးချယ်စားသောက်ခြင်းဖြင့် ကျန်းမာရေးကို စောင့်ရှောက်နိုင်မှာဖြစ်ပါတယ်။

ကျန်းမာသက်ရှည်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ "ကံ၊ စိတ်၊ ဥတု၊ အာဟာရ"ဆိုတဲ့ သမုဋ္ဌာန်(၄)ပါးကို ကောင်းစွာ သတိပြုလိုက်နာဆောင်ရွက်ခြင်းဖြင့် လူတစ်ဦးချင်းမှသည် မိသားစု၊ ရပ်ရွာ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးသာမက နိုင်ငံတစ်ဝန်းရှိ ပြည်သူပြည်သားအားလုံး ကျန်းမာကြံ့ခိုင်မှုရရှိမှာ ဖြစ်ပါတယ်။

အခုဆောင်းပါးမှာ လမ်းလျှောက်တာနဲ့ပတ်သက်ပြီး အလျဉ်းသင့်လို့ စာရေးသူအနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနက နှိုးဆော်ထုတ်ပြန်ထားတဲ့ "သက်ရှည်ကျန်းမာဖို့ လမ်းလျှောက်ကြစို့"ဆိုတဲ့ ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်ကလေးကို လူတိုင်းတန်ဖိုးထား လိုက်နာတတ်ကြစေဖို့ မူရင်းအတိုင်း ဖော်ပြလိုပါသေးတယ်။

"သက်ရှည်ကျန်းမာဖို့ လမ်းလျှောက်ကြစို့"

ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းကြောင့် အဝလွန်ရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါနှင့် အရိုးအဆစ်များနာကျင်ရောင်ရမ်းခြင်းတို့ ဖြစ်ပွားတတ်ပါသည်။

လမ်းလျှောက်ခြင်းသည်

၁။ သွေးတိုး ကျစေသည်။
၂။ နှလုံးရောဂါကို ကာကွယ်နိုင်သည်။
၃။ စိတ်ပျော်ရွှင် ကျန်းမာစေသည်။
၄။ အရိုးများ ကြံ့ခိုင်သန်စွမ်းစေသည်။
၅။ အဝမလွန်အောင် ထိန်းသိမ်းနိုင်သည်။
၆။ ကြွက်သားများ သန်စွမ်းဖျတ်လတ်စေသည်။
၇။ သွေးအတွင်းမှ အဆီကျစေသည်။
၈။ သွေးအတွင်းမှ သကြားဓာတ်ကျစေသည်။
၉။ အသက်အရွယ်မရွေး၊ လူတန်းစားမရွေး ဆောင်ရွက်နိုင်သည်။

ရောဂါဘယများကင်း၍ အသက်ရှည်ကျန်းမာကြစေရန် မိသားစုတစ်စုလုံး နေ့စဉ်နာရီဝက်ခန့် ပုံမှန်လမ်းလျှောက်ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

ဒီနှိုးဆော်ချက်ကလေးဟာ သိပ်ကိုအလေးဂရုပြုသင့်တဲ့၊ တန်ဖိုးရှိတဲ့ ကျန်းမာရေးပညာပေး နှိုးဆော်ချက်ပဲဖြစ်ပါတယ်။ အခုဆိုရင် ရာသီဥတုက လည်း ဆောင်းရာသီကာလမို့အေးမြနေပါပြီ။ ကျန်းမာရေးအတွက် လမ်းလျှောက်ဖို့အကောင်းဆုံး ပွင့်လင်းရာသီကိုလည်း ရောက်လာပြီဖြစ်ပါတယ်။ ဒီအတွက် စိတ်ဖိစီးမှုကင်းဝေးပြီး သွေးတိုး၊ ဆီးချို၊ နှလုံးစတဲ့ရောဂါတွေ ဝင်ရောက်မလာအောင် ကြိုတင်ကာကွယ်တဲ့အနေနဲ့ နေ့စဉ်လမ်းလျှောက်ပေးဖို့ လိုပါလိမ့်မယ်။ ဆိုတော့ကာ လူတိုင်းအလွယ်တကူဆောင်ရွက်နိုင်ပြီး ငွေကုန်ကြေးကျမရှိတဲ့ (နေ့စဉ်မှန်မှန်) လမ်းလျှောက်ခြင်းကို အခုကစပြီး ဆောင်ရွက်နိုင်ကြစေဖို့ **"ရောဂါကင်းလို့ ကျန်းမာဖို့၊ နေ့စဉ်နေ့တိုင်း လမ်းလျှောက်စို့"** လို့ တိုက်တွန်း ရေးသားလိုက်ရပါတယ်။ ။

ပုလဲမြို့နယ်၌ အထက်တန်းကျောင်းဖွင့်

နေပြည်တော် ဇန်နဝါရီ ၁၃

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ဝက်ကျကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၈ရက် နံနက် ၁၁ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးထိန်မင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းရီနှင့် ရပ်မိရပ်ဖနှစ်ဦးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြို့နယ်ပညာရေးမှူးက ပညာရေးနှင့်စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးက ကျောင်း၏ပညာရေး အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးမြို့နယ်၌ မိုးစပါးစက်ကွက်ရိတ်သိမ်း

ပဲခူး ဇန်နဝါရီ ၁၃

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပဲခူးတိုင်းဒေသကြီးမန်နေဂျာ ဦးအောင်ကျော်မြင့်၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးသန်းဦး၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးယဉ်ထွန်းနှင့် စိုက်ပျိုးရေးပညာပေးဝန်ထမ်းများသည် ဒီဇင်ဘာ ၂၇ ရက်က ပေါက်တောကျေးရွာအုပ်စု ကွင်းအမှတ်(၅၃၀-က) တောင်သူ ဦးအောင်မင်း၏ ၈ ဧကရှိ လယ်မြေ၌ သင့်အဆင့်အတန်း ငကျွဲစပါးကို စက်ကွက်ရိတ်သိမ်းကြသည်။ အဆိုပါစက်ကွက်မှ တစ်ဧက ၆၀ဒသမ ၄၃တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(စိုက်ပျိုးရေး)**

အထက(၆)အလုံ အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၃

၁၉၆၆ မှ ၁၉၉၆ ပညာသင်နှစ်အထိ အထက(၆)အလုံ၌ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေး ဖုန်း-၂၂၀၇၉၀၊ ဦးစိန်ဝင်း ဖုန်း-၂၂၀၅၇၃၊ ဦးကျော်စွာသိန်း ဖုန်း-၀၉-၅၄၁၇၂၉၄၊ ဦးသီလသိန်း ဖုန်း-၂၉၃၀၃၈၊ ဦးပြုံးဝမ် ဖုန်း-၇၂၅၃၃၃၊ ဒေါ်နှင်းနှင်းယု ဖုန်း- ၅၀၄၀၂၂၊ ဦးရဲမင်းစိုး ဖုန်း- ၇၃၁-၁၃၄၁၄၊ ဦးဆန်းသွင် ဖုန်း-၀၉-၅၁၄၈၇၅၀၊ ဒေါ်ယဉ်မင်းချော ဖုန်း-၅၀၅၅၇၃နှင့် ဦးဘိုဇာမောင် ဖုန်း- ၀၉-၅၁၆၅၆၂ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ပြုပြင်တည်ဆောက်

ကျွန်းလှမြို့နှင့် မြို့နယ်အတွင်း ကျေးရွာများ ဆက်သွယ်ထားသည့် တပ်ကုန်းတံတား ချဉ်းကပ်ပိုင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ထွန်းသန်းနှင့်အဖွဲ့ တည်ဆောက်နေခြင်းကို ဇန်နဝါရီ ၇ ရက်က အမှုဆောင်အရာရှိ ဦးကျော်ကျော် ကြီးကြပ်ဆောင်ရွက်စဉ်။ (၀၅၁)

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံနှင့် အလုပ်ရုံများ စက်မှု(၂) ဝန်ကြီး ဦးစိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၃

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းသည် ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်း၏ LED မီးသီးထုတ်လုပ်မှုအလုပ်ရုံသို့ရောက်ရှိပြီး 5W & 7W ရှိ High Power LED မီးသီးနှင့် Straw Head 5mm & 8mm ရှိ 0.06W Low Power LED မီးသီးထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ အရည်အသွေးပြည့်ဝသော ထုတ်ကုန်များဖြစ်ရေး၊ ထုတ်လုပ်မှု စရိတ်သက်သာစေရေး မှာကြားသည်။

မှာကြား

ဆက်လက်၍ မရမ်းကုန်းမြို့နယ်ရှိ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း၏ အမှတ်(၁) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(ရန်ကုန်)၌ TE-31 ကုန်တင်ယာဉ်ကြီးများနှင့် ဆီတင်ယာဉ်ကြီးများ ထုတ်လုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ထုတ်လုပ်မှုလုပ်ငန်းများတွင် မိမိတို့ဝန်ကြီးဌာနမှ ထုတ်လုပ်သည့် စက်ပစ္စည်း အစိတ်အပိုင်းများကို ပိုမိုအသုံးပြုရေး၊ ထုတ်လုပ်သည့်ပစ္စည်းများအနေဖြင့် စွမ်းဆောင်မှုအရည်အသွေးကောင်းမွန်ရေး၊ သုံးစွဲရာတွင် တာရှည်ခံရေး၊ သုံးစွဲသူများနှစ်သက်စေမည့် အသွင်အပြင်ရှိရေးနှင့် အသုံးစရိတ် ချွေတာရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက်ပိုင်းဒေသများ၌ ညအပူချိန်လျော့နည်းနိုင်

နေပြည်တော် ဇန်နဝါရီ ၁၃

ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

ဇန်နဝါရီ ၁၄ရက်ညနေအထိခန့်မှန်းချက်မှာ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ဖဝဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၁-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **လူမမာနဲ့တူစွာတို့သူငါ** တရားတော် (မြစိမ်းတောင်ဆရာတော် အရှင်ဇာနေယျ)
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၃၅)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၀၂)
၈:၄၀ Activities in the City [အထက(၃)ဗဟန်း တတိယအကြိမ်မြတ်ဆရာပူဇော်ပွဲ]
၈:၅၅ ဆန်းသစ်သောရှင်သန်မှုများနှင့် ရုပ်တည်နေသော SCG ပါ
၉:၁၀ Wedding Season (ပြေတီဦးနှင့်အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာရက်မြတ်များဆီသို့)
၉:၄၀ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ ဦးကြည်စိုး) (အပိုင်း-၄)
၁၀:၀၅ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၀:၂၅ မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း (MIEGA)၏ စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ (၄/၂၀၁၀)
၁၀:၄၅ Chatrium Dream Wedding Fair 2010 (Part-3)
၁၁:၁၀ သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်ဒါရိုက်တာဝိုင်းနှင့် တွေ့ဆုံခြင်း)
၁၁:၃၀ တပည့်တို့ထာဝစဉ်မမေ့ကြပါသည် မြတ်ဆရာများ၏ကျေးဇူးဂုဏ်ရည်
၁၁:၅၀ MRTV-4 ကာတွန်းအစီအစဉ်
၁၂:၂၀ ရန်ကုန်မြင်ကွင်းကျယ် (Continuons Dental Education Program)
၁၂:၃၅ Make in A Delicious Way (Kylie Kwoung Simply Magic New Shanghai)
၁:၀၀ **လူမမာနဲ့တူစွာတို့သူငါ** တရားတော် (မြစိမ်းတောင်ဆရာတော် အရှင်ဇာနေယျ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ VJ Choice
၃:၀၀ Activities in the City [မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်)အမျိုးသမီးဆရာဝန်များ သက်ကြီးပူဇော်ပွဲ]
၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၃၅)
၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၀၂)
၄:၄၅ ၁၉၇၄-၁၉၇၈ ခုနှစ် ရူပဗေဒ ကျောင်းသား ကျောင်းသူဟောင်းများ၏အာစရိယပူဇော်ပွဲ
၅:၀၀ ထာဝစဉ်ထင်ကျန်နေမည့် ပုလဲရတုအခမ်းအနားတစ်ခု
၅:၁၅ ရန်ကုန်မြင်ကွင်းကျယ် [အထက(၄)အလုံကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ]
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ Wedding Season (ပြေတီဦးနှင့်အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာရက်မြတ်များဆီသို့)
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၃၆)
၇:၁၅ The Champion of Dance
၈:၀၀ MRTV-4 သတင်း
၈:၃၀ ရန်ကုန်မြင်ကွင်းကျယ် (EMBA အာစရိယပူဇော်ပွဲ)
၈:၄၀ ဂီတသရုပ်ပြခန်း (တေးသံရှင်မျိုးမဟာကျော်ရဲ့ ၂၄နာရီကောင်မလေး)
၉:၀၅ အနုပညာမိုးကောင်းကင်
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၀၃)
၁၀:၁၀ Science for All (သင်နေမယ့်တိုက်ခန်းဟာဘယ်လိုတိုက်ခန်းမျိုးဖြစ်သင့်သလဲ) (အပိုင်း-၁) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
၁၀:၃၅ ရသစုံစွာတေးအလင်္ကာ
၁၀:၅၅ World of Knowledge (Inside Super Truck Rally)
၁၁:၄၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (အီကလဲယားမုန့်လုပ်နည်း)
၁၂:၀၀ Celebrity Profile (မြို့ရွှေမန်းသားဖိုးချစ်နှင့် တွေ့ဆုံခြင်း)
၁၂:၃၀ မြန်မာ့လက်မှုယွန်းအနုပညာ
၁၂:၅၀ Shooting Location (ခင်ယုမေအိမ်)
၁:၁၀ **ပျော်ရွှင်ကျန်းမာသန့်စင်သောအစာ** ဆုပန်ထွာ၊ ပွင့်၊ ဟဲဗီးဖြိုး (ဒါရိုက်တာ-ကြည်စိုးထွန်း)
၁:၂၀ မှိုအသားမျှင်တစ်သျှူးမျိုးပွားနည်း
၁:၃၅ ပုံဖော်ထွင်းထုမြန်မာ့ပန်းပု
၁:၅၀ Say it in English
၂:၀၅ **လွန်းတင်သည့်ကြိုး** ဇင်ဝိုင်း၊ ဇင်မျိုး၊ မြတ်ကေသီအောင်၊ အိဖြိုးချယ်ရီ (ဒါရိုက်တာ-Nova)
၂:၂၀ တိရစ္ဆာန်လေးတွေမွေးကြမယ် (Golden Gold Kennel)
၂:၄၅ ပေါ့ပေါ့ပါးပါး ဂေါက်သီးအားကစား (အခြေခံ) (လေးပုံသုံးပုံလွှဲချက်ပြုလုပ်ခြင်း၊ ကျင်းစိမ်ခြင်း)
၂:၅၀ အလှဆင်စရာပရိဘောဂကမ္ဘာ (တော်ဝင်မိသားစုပရိဘောဂ အရောင်းပြခန်း)
၃:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၀ ပတ္တမြားမြေသို့ အလည်တစ်ခေါက်
၄:၂၀ သုဝဏ္ဏဘူမိမြို့ဟောင်းမှကြည်ညိုဖူးမြော်ကျိုက်တလန်းစေတီတော်
၄:၅၀ မဟိယင်္ဂဏ (ခေါ်) မရှိခဏစေတီတော်… ဖူးကြစို့နော်

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ထူးခြားသည့် ညအပူချိန်များ

၁၃-၁-၂၀၁၁

ဟားခါးမြို့	-၂ ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၃ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၃ ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့	၃ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၄ ဒီဂရီစင်တီဂရိတ်

နိုင်ငံတကာသဘာဝဘေးသတင်း နိုင်ငံတကာသဘာဝဘေးသတင်း နိုင်ငံတကာသဘာဝဘေးသတင်း နိုင်ငံတကာသဘာဝဘေးသတင်း

ကမ္ဘာတစ်ဝန်း ရာသီဥတုဖောက်ပြန် နိုင်ငံအချို့၌ ရေလွှမ်းမိုးမှုဖြစ်ပွား

မောင်ချစ်ကြည်

ကမ္ဘာတစ်ဝန်းမှာ ရာသီဥတုပြောင်းလဲ ဖောက်ပြန်မှုတွေဖြစ်ပေါ်နေတဲ့သတင်းတွေဟာ နေ့စဉ်ထွက်ပေါ်နေပါတယ်။ အအေးလွန်ကဲမှု၊ မိုးသည်းထန်ပြီး ရေလွှမ်းမှုနဲ့ မြေပြိုမှုတွေအပြင် ဆီးနှင်းတွေဆိုးဆိုးရွားရွားကျဆင်းနေတာကြောင့် ကမ္ဘာ့ပြည်သူတွေဟာ သဘာဝဘေးဒုက္ခတွေကို ရင်ဆိုင်ကြုံတွေ့ခံစားနေကြရပါတယ်။

သီရိလင်္ကာ

သီရိလင်္ကာနိုင်ငံအရှေ့ပိုင်းနဲ့ အလယ်ပိုင်းဒေသတွေမှာ မိုးသည်းထန်ပြီး ရေလွှမ်းမိုးမှုတွေဖြစ်ပွားနေတယ်လို့ ဇန်နဝါရီ ၁၃ရက်မှာ သတင်းထွက်ပေါ်လာပါတယ်။ ရေလွှမ်းခံရတဲ့ဒေသတွေမှာ သွားလာရေးခက်ခဲပြီး မော်တော်ယာဉ်သွားလာမှုတွေ ပြတ်တောက်နေတာမို့ စားနပ်ရိက္ခာထောက်ပံ့မှုတွေဟာ အခက်အခဲနဲ့ ကြုံတွေ့နေရပါတယ်။ ဒေသခံတစ်သန်းကျော် ရေဘေးဒုက္ခ

သီရိလင်္ကာနိုင်ငံအရှေ့ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် မိုးသည်းထန်ပြီး ရေလွှမ်းမှုဖြစ်ပွားနေသည်ကို ဤသို့တွေ့ရသည်။
(အင်တာနက်ဓာတ်ပုံ)

ကြုံတွေ့နေရပြီး စားနပ်ရိက္ခာနဲ့ ဆေးဝါးတွေကို ကြိုးစားဖြန့်ဝေပေးရတဲ့ အခြေအနေ ဖြစ်ပေါ်နေပါတယ်။ မိုးသည်းထန်စွာရွာသွန်းမှုဟာ လာမယ့်ရက်အနည်းငယ်အထိဆက်လက်ရွာသွန်းနေပြီး သီရိလင်္ကာတောင်တန်းဒေသတွေမှာ မြေပြိုမှု ၁၀၀ကျော် ဖြစ်ပွားနေပါတယ်။

ဘရာဇီး

ရေလွှမ်းမှုတွေဟာ ဘရာဇီးနိုင်ငံမှာလည်း ဖြစ်ပေါ်နေပါတယ်။ ဘရာဇီးနိုင်ငံ ဆော်ပေါလိုမြို့မှာ ဇန်နဝါရီ ၁၃ရက်က မိုးသည်းထန်ပြီး ရေလွှမ်းမှုတွေဖြစ်ပေါ်ခဲ့လို့ သေဆုံးသူဦးရေဟာ တစ်ရက်တည်းမှာ ၁၃ဦးအထိ ရှိလာပါတယ်။ ဒါ့အပြင် ရီယိုဒီဂျနေးရိုးမြို့အနီးမှာရှိတဲ့ တောင်တန်းဒေသမြို့တွေမှာလည်း မြေပြိုမှုနဲ့ ရေလွှမ်းမှုတွေကြောင့် သေဆုံးသူဦးရေဟာ ၂၅၇ ဦးအထိ ရှိနေပြီဖြစ်ပါတယ်။

ဘရာဇီးနိုင်ငံတောင်ပိုင်း တောင်တန်းဒေသတွေမှာ မိုးသည်းထန်ပြီး တောင်ကျရေတွေ ဒလဟောကျဆင်းခဲ့မှုကြောင့် နေအိမ်အများအပြား ပျက်စီးပြီး ဒေသခံအများအပြား သေဆုံးခဲ့ရပါတယ်။ ကီရီဆိုပိုလစ်မြို့မှာ ရေလွှမ်းမှုနဲ့ မြေပြိုမှုတွေကြောင့် ၁၃၀ သေဆုံးခဲ့တာမို့ သေဆုံးမှုအများဆုံးသော ဘရာဇီးနိုင်ငံရဲ့မြို့တစ်မြို့ပဲ ဖြစ်ပါတယ်။

ဩစတြေးလျ

ဒါ့အပြင် ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်မှာလည်း ပြီးခဲ့တဲ့ရက်အနည်းငယ်က စတင်ပြီး မိုးအဆက်မပြတ်ရွာသွန်းခဲ့တာမို့ ဇန်နဝါရီ ၁၃ရက်အထိ သေဆုံးသူ ၁၆ဦးရှိနေပြီး ပျောက်ဆုံးနေတဲ့လူတွေက ၆၁ဦး ရှိတယ်လို့သတင်းတွေမှာ ဖော်ပြထားပါတယ်။ ဘရစ်ဘန်းနဲ့ အစ်ဆွစ်မြို့တွေရဲ့ ဆင်ခြေဖုံးဒေသတွေမှာ လမ်းတွေပေါ် ရေလွှမ်းနေတာမို့ သွားလာရေး ပြတ်တောက်လျက်ရှိပါတယ်။ မိုးသည်းထန်တဲ့အပြင် မုန်တိုင်းပါတိုက်ခတ်ခဲ့တာမို့ ကွင်းစလန်းပြည်နယ် ပြည်သူတွေဟာ သဘာဝဘေးဒုက္ခကို မျိုးစုံရင်ဆိုင်ကြုံတွေ့ နေရတဲ့ အဖြစ်ပါပဲ။

ဘရာဇီးနိုင်ငံတောင်ပိုင်းဒေသများတွင် ရေလွှမ်းမှုကြောင့် နေအိမ်များ ရေနစ်မြုပ်နေမှုမြင်ကွင်းကို ဤသို့တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

ဖိလစ်ပိုင်

ရာသီဥတုဖောက်ပြန်မှုဟာ ကမ္ဘာ့နေရာအနှံ့မှာ ဖြစ်ပေါ်နေတာမို့ ဖိလစ်ပိုင်နိုင်ငံမှာလည်း ဇန်နဝါရီ ၅ရက်ကစပြီး မိုးတွေအဆက်မပြတ် ရွာသွန်းခဲ့တာကြောင့် ရေလွှမ်းမှုဖြစ်ပွားခဲ့ပြီး ဇန်နဝါရီ ၁၃ ရက်အထိ သေဆုံးသူဦးရေဟာ ၄၂ ဦး ရှိလာပြီဖြစ်ပါတယ်။ ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းနဲ့ အလယ်ပိုင်းဒေသတွေမှာ ကောက်ပဲသီးနှံတွေ ပျက်စီးဆုံးရှုံးခဲ့မှု ပမာဏဟာ အမေရိကန်ဒေါ်လာ ၂၃သန်းဖိုးအထိ ရှိခဲ့ပါတယ်။ ဖိလစ်ပိုင်နိုင်ငံရဲ့ ရေလွှမ်းနေတဲ့ ဒေသတွေကို ဖိလစ်ပိုင်စစ်ဘက်ရဟတ်ယာဉ်တွေနဲ့ ကယ်ဆယ်ရေးလုပ်ငန်းတွေဆောင်ရွက်ပေးနေရပါတယ်။ ရေဘေးဒုက္ခကြုံတွေ့ခံစားနေရတဲ့ ပြည်သူဦးရေဟာ ၄၀၀၀၀၀ ခန့်ရှိနေပြီး ဖိလစ်ပိုင်နိုင်ငံရဲ့ မြို့နယ်ပေါင်း ၈၀ခန့်မှာ ရေလွှမ်းမှုတွေဖြစ်ပေါ်နေတယ်လို့ ဆိုပါတယ်။

တောင်အာဖရိက

အလားတူပဲ တောင်အာဖရိကနိုင်ငံမှာလည်း ပြီးခဲ့တဲ့တစ်ပတ်ကတည်းက မိုးသည်းထန်နေတာမို့ မြို့တော် ဂျိုဟန်နက်စဘတ်နဲ့ ပရီတိုးရီးယားဒေသဝန်းကျင်မှာ ရေလွှမ်းနေဆဲဖြစ်လို့ ဇန်နဝါရီ ၁၃ ရက်အထိ သေဆုံးသူ အနည်းဆုံး ၃၀ ရှိပြီး အိုးအိမ် ၁၀၀၀ ကျော် ပျက်စီးခဲ့ရတယ်လို့ ဆိုပါတယ်။

ဒါကြောင့်မို့ ကမ္ဘာတစ်ဝန်းမှာ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုတွေ ဖြစ်ပေါ်နေတာကြောင့် နိုင်ငံအချို့မှာ မိုးသည်းထန်ပြီးရေလွှမ်းမှုတွေ ဆက်တိုက်ဖြစ်ပေါ်နေတာဟာ သတိပြုစရာ ဖြစ်ပါကြောင်း ဖော်ပြလိုက်ပါတယ်။ ။

(အင်တာနက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာဘာသာရပ်များ နေ့စဉ်ဖော်ပြမည်

နေပြည်တော် ဇန်နဝါရီ ၁၃

၂၀၁၁ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာမေးပွဲ အထောက်အကူပြု ဘာသာရပ်များကို ဇန်နဝါရီ ၁၅ ရက်မှစ၍ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် နေ့စဉ် ဖော်ပြသွားမည်ဖြစ်ပါသည်။

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာဘာသာရပ်များ နေ့စဉ်ဖော်ပြမည့်အစီအစဉ်

စဉ်	ဘာသာရပ်	ဖော်ပြမည့်နေ့
၁	မြန်မာစာ	၁၅-၁-၂၀၁၁
၂	စိတ်ကြိုက်မြန်မာစာ	၁၆-၁-၂၀၁၁
၃	အင်္ဂလိပ်စာ	၁၇-၁-၂၀၁၁
၄	သင်္ချာ	၁၈-၁-၂၀၁၁
၅	ဓာတုဗေဒ	၁၉-၁-၂၀၁၁
၆	ရူပဗေဒ	၂၀-၁-၂၀၁၁
၇	ဇီဝဗေဒ	၂၁-၁-၂၀၁၁
၈	ပထဝီဝင်	၂၂-၁-၂၀၁၁
၉	သမိုင်း	၂၃-၁-၂၀၁၁
၁၀	ဘောဂဗေဒ	၂၄-၁-၂၀၁၁

နေစကြဝဠာအပြင်ဘက်၌ အသေးဆုံးဂြိုဟ်တွေ့ရှိ

မောင်မောင်မြင့်ဆွေ ➢ ရေးသားသည်

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၁၃

နေစကြဝဠာရဲ့ အပြင်ဘက်မှာ အလွန်သေးငယ်တဲ့ ဂြိုဟ်တစ်လုံးကို တွေ့ရှိတယ်လို့ နာဆာအာကာသသုတေသန ပညာရှင်တွေက ဇန်နဝါရီ ၁၂ ရက်မှာ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

တည်ရှိ

အဲဒီဂြိုဟ်ဟာ အရွယ်အစားအနေနဲ့ဆိုရင် ကမ္ဘာဂြိုဟ်ထက် ၁ ဒသမ ၄ ဆခန့် သေးငယ်ပြီး နေစကြဝဠာရဲ့ အပြင်ဘက်မှာ တည်ရှိနေတယ်လို့ ဆိုပါတယ်။ အဲဒီဂြိုဟ်ကို တွေ့ရှိခဲ့တာကတော့ နာဆာကနေ အာကာသကို လွှတ်တင်ထားတဲ့ ကီပီလာအာကာသလေ့လာယာဉ်ရဲ့ ရှစ်လကြာလေ့လာခဲ့တဲ့ ဓာတ်ပုံမှတ်တမ်းတွေအရ သိရှိခဲ့ရတာဖြစ်ပါတယ်။

အဖြေထုတ်

နာဆာက လွှတ်တင်ထားတဲ့ ကီပီလာအာကာသယာဉ်ဟာ ၂၀၀၉ ခုနှစ် မေလကနေပြီး ၂၀၁၀ ခုနှစ် ဇန်နဝါရီလအထိ ကာလအတွင်းမှာ နေစကြဝဠာရဲ့ အပြင်ဘက်မှာရှိတဲ့ သေးငယ်တဲ့ ဂြိုဟ်ရဲ့ ဓာတ်ပုံမှတ်တမ်းတွေကို လော့စ်အိန်ဂျလိစ်မြို့ရဲ့ ပါဆာဒီနာအရပ်မှာရှိတဲ့ မြေပြင်ထိန်းချုပ်ရေးဌာနချုပ်စခန်းကို ပေးပို့ခဲ့တာဖြစ်ပါတယ်။ အဲဒီဓာတ်ပုံမှတ်တမ်းနဲ့ အချက်အလက်တွေကို နာဆာအာကာသသိပ္ပံပညာရှင်တွေက အချိန်ယူလေ့လာဆန်းစစ်ပြီး သေချာမှ အခုလို အဖြေထုတ်ခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၄ ကော်လံ ၁ ✻

ညအပူချိန်များ လျော့နည်းနိုင်

နေပြည်တော် ဇန်နဝါရီ ၁၃

ယနေ့နံနက် ၆ နာရီခွဲတွင် ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့၌ ညအပူချိန်များသည် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်၌ ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းနေခဲ့သည်ဟု တိုင်းထွာရရှိကြောင်း သိရှိရသည်။

သတင်းထုတ်ပြန်

လက်ရှိ မိုးလေဝသအခြေအနေ တိုင်းထွာချက်များအရ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအထိ ညအပူချိန်များသည် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် လျော့နည်းနေပြီး အအေးပိုလာနိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက်၊ သောကြာနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၀၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ခေတ်မီစက်မှုနိုင်ငံတော်ကြီးအဖြစ် ကူးပြောင်းတက်လှမ်းနိုင်အောင် ဝိုင်းဝန်းဖော်ဆောင်

အင်ဂျင်နီယာအတတ်၊ နည်းပညာစွမ်းပကားကို နိုင်ငံနှင့်လူမျိုးအတွက် ထိရောက်စွာအသုံးချ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်မည့် အင်ဂျင်နီယာနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ကြိုးပမ်း

နေပြည်တော် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အာဆီယံအင်ဂျင်နီယာဆိုင်ရာ ဘွဲ့တံဆိပ်များပေးအပ်ပွဲ၊ နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံနှင့် အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း Function Hall၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အာဆီယံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် (AFEO)မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ၊ *စာမျက်နှာ ၈ ကော်လံ ၁* ❖

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဘဝသစ်နယ်လှည့်အသိပညာပေးအဖွဲ့၏ ပညာပေးပြခန်းနှင့် သဘာဝဘေးဒဏ်ခံနိုင်သည့် နေအိမ်နမူနာပုံစံများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဖွံ့ဖြိုးတိုးတက်ရေးအခြေခံကောင်းများကို ဂုဏ်ယူမြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေး ယုံကြည်ချက် သန္နိဋ္ဌာန်စိတ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၃

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် မော်လမြိုင်ကျွန်းမြို့ရှိ အဆိုပါ ဆေးရုံဥပစာ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်၍ ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

တက်ရောက်

ဆေးရုံဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း၊ ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ၊ မင်္ဂလာစည်တော်အဖွဲ့၊ ဆင်အကအဖွဲ့၊ ဘင်ခရာနှင့်ပန်းဖွားအဖွဲ့၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန *စာမျက်နှာ ၃ ကော်လံ ၁* ◆

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မော်လမြိုင်ကျွန်းမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

14-1 (01).pmd 1 1/14/2011, 2:21 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၄ ရက်)

တိုင်းရင်းသားပြည်သူများ အားထားရမည့် ပုသိမ်-မုံရွာလမ်းမကြီး

ပြည်ထောင်စုတစ်ဝန်း တောင်တန်း၊ တောင်စွယ်နှင့် မြစ်ချောင်းများ မည်သို့ပင်ကာဆီးနေစေကာမူ လမ်း၊ တံတားများစွာကို အောင်မြင်စွာ ဖောက်လုပ်တည်ဆောက်နိုင်ခဲ့သဖြင့် ယနေ့တွင် အချိန်အခါမရွေး လွယ်ကူချောမွေ့စွာ သွားလာနိုင်ကြပြီဖြစ်သည်။

ဧရာဝတီမြစ်ကြီးနှင့်အပြိုင် တိုင်းဒေသကြီး လေးခုကို ဖြတ်သန်းဖောက်လုပ်ထားသည့် ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီး ဖွင့်ပွဲအခမ်းအနားများကို ကျောင်းကုန်းမြို့နယ် ကံကလေးလမ်းဆုံအနီးရှိ မင်္ဂလာမဏ္ဍပ်၌လည်းကောင်း၊ ပြည်ခရိုင် ဥသျှစ်ပင်လမ်းဆုံ၌လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ပဒါန်းလမ်းဆုံ၌လည်းကောင်း၊ အဆိုပါလမ်း၏ မိုင်တိုင် (၄၅၀/၅)၌လည်းကောင်း ဇန်နဝါရီလ ၁၁ ရက်နေ့က ကျင်းပခဲ့သည်။

ယင်းလမ်းမကြီး၏ ကျေးဇူးကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ကို ရေကြော မြေကြော တစ်ဆက်တစ်စပ်တည်း ဖြစ်စေခဲ့သည်။ မြို့နယ်ပေါင်း ၁၆ မြို့နယ်ကို ဖြတ်သန်းဖောက်လုပ်ထားသဖြင့် ဧရာဝတီမြစ်၏ အနောက်ဘက်ခြမ်းဒေသကြီးတစ်ခုလုံး ထက်-အောက်-စုန်-ဆန် ရာသီမရွေး သွားလာနိုင်ပြီး ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းနှင့်တန်းတူ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။

ပုသိမ်-မုံရွာ လမ်းမကြီး ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် ဆက်စပ်လျက်ရှိသည့် မော်တော်ကားလမ်း ၁၅ လမ်းမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့သို့ တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ကြမည်ဖြစ်သည်။ အဆိုပါ လမ်းမကြီးကို ဗဟိုပြု၍ ဒေသခံပြည်သူများ ကူးသန်းရောင်းဝယ်မှု၊ ကုန်စည်စီးဆင်းမှု၊ ကူးလူးဆက်သွယ်မှုများ တိုးတက်မြင့်မားလာ မည်ဖြစ်ပြီး လူမှုစီးပွားဘဝများ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

ယခုအခါ မော်တော်ကားလမ်းကွန်ရက်သာမက တိုင်းဒေသကြီးများနှင့် ပြည်နယ်အားလုံးကို ချိတ်ဆက်ဆက်သွယ်ထားသော ရထားလမ်းကွန်ရက်ကြီးကိုလည်း အကောင်အထည်ဖော်လျက်ရှိသည့်အတွက် မြန်မာနိုင်ငံမြောက်ဖျားရှိ ပူတာအိုမှ တောင်ဖျားရှိ ကော့သောင်းမြို့အထိလည်းကောင်း၊ မြန်မာနိုင်ငံ အရှေ့ဖျားရှိ မူဆယ်၊ လားရှိုး၊ ကျိုင်းတုံမြို့များမှ အနောက်ဖျားရှိ စစ်တွေအထိလည်းကောင်း တစ်နိုင်ငံလုံးအနှံ့ ကူးလူးဆက်သွယ် သွားလာနိုင်ပြီဖြစ်သည်။

ပုသိမ်-မုံရွာ လမ်းမကြီးအပါအဝင် အခြေခံကောင်း၊ အုတ်မြစ်ကောင်းများကို နိုင်ငံတော်ကတည်ဆောက် အကောင်အထည်ဖော်ပေးလျက်ရှိရာ ရေရှည်တည်တံ့ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမျိုးသားရေးတာဝန်အဖြစ် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မင်္ဂလာဒုံမြို့နယ် နွယ်ခွေကျေးရွာအုပ်စု၌ စာကြည့်တိုက်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၃

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မင်္ဂလာဒုံမြို့နယ် နွယ်ခွေကျေးရွာအုပ်စု၌ စံ(၅)ရပ်နှင့် ပြည့်စုံသော အလင်းရောင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၁ရက်က အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငြိမ်းထွေး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်သန်းသန်းလှ၊ ကျေးရွာဥက္ကဋ္ဌ ဦးသန်းမြင့်နှင့် လူမှုရေးအဖွဲ့အစည်းများ တက်ရောက်ကြသည်။

ပါဝင်လှူဒါန်း

ရှေးဦးစွာ စာကြည့်တိုက်ကို မြို့နယ်ဥက္ကဋ္ဌ ဦးငြိမ်းထွေး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းလှနှင့် ကျေးရွာဥက္ကဋ္ဌ ဦးသန်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ) ထို့နောက် မြို့နယ်ဥက္ကဋ္ဌက အလှူမီနီယံဗီရို၊ မြို့နယ်ဦးစီးမှူးက စာအုပ် စာစောင်၊ မဂ္ဂဇင်း၊ ဂျာနယ်အုပ်ရေ ၂၀၀ နှင့် အလှူရှင်များက ပရိဘောဂ၊ စာအုပ်စာစောင်များ ပါဝင်လှူဒါန်းကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

လှိုင်သာယာမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းခွဲ လှိုင်သီရိခန်းမဆောင်၌ ဇန်နဝါရီ ၃ ရက်က ကျင်းပသော ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်၌ ကျောင်းတက်ရက်မှန်ဆုနှင့် ကျောင်းလုပ်ငန်း ထူးချွန်ဆုရရှိသော အလယ်တန်းပြဆရာမ ဒေါ်ခိုင်ခိုင်ဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်နွယ် ဆုပေးအပ် ချီးမြှင့်စဉ်။ (ပညာရေး)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အင်ပူမြို့နယ်၌ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

နေပြည်တော် ဇန်နဝါရီ ၁၃

ဟင်္သာတခရိုင် ညောင်ကျိုးကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဖွင့်လှစ်ခြင်းနှင့် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပရာ ရှေးဦးစွာ တာဝန်ရှိသူတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အမှာစကားပြောကြား

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းက ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည်ပက်ဖျန်းပေးကာ ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ကျောင်းခန်းမ၌ ကျင်းပရာ တိုင်းမှူးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသော စာရွက်စာတမ်းများကို ကျောင်းအုပ်ဆရာမကြီးက မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုးစပါးအထွက်နှုန်းမှန်ကန်ရေး ကလေးမြို့၌ စံကွက်ရိတ်သိမ်း

ကလေး ဇန်နဝါရီ ၁၃

ကလေးမြို့နယ် တောင်အူကျေးရွာအုပ်စု ကွင်းအမှတ်(၆၆-စ)၊ တောင်အူကွင်း ဦးပိုင်အမှတ်(၁၉/၂)ရှိ တောင်သူ ဦးစောလှသိန်း၏ ဆင်းသီဂီ စပါးမျိုးစိုက်ပျိုးထားသော လယ်မြေ၌ ဒီဇင်ဘာ ၂၃ရက်က မိုးစပါးအထွက်နှုန်းမှန်ကန်ရေးအတွက် စံကွက်ရိတ်သိမ်းရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးတင့်၊ ခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးသန်းဝင်း၊ ခရိုင်ဆည်မြောင်းဦးစီးဌာနမှူး ဦးမြအေး၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးခင်မောင်ညွန့်၊ ခရိုင်ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှူး ဦးတင်ဝင်း၊ ကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလင်းထင်၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ မြို့နယ်မြေစာရင်း ဦးစီးဌာနမှူး ဦးအောင်ကျော်စိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်ဆည်မြောင်းဦးစီးဌာနမှူး ဦးဌေးအောင်၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးမောင်မောင်၊ မြို့နယ်ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနမှူး ဦးဇော်ဇော်လွင်၊ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးဝင်းထိန်၊ တောင်အူကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးအောင်ကျော်ညွန့်နှင့် တောင်သူများ တက်ရောက်ကြည့်ရှုကြသည်။ (အပေါ်ပုံ)

ထွက်ရှိ

အဆိုပါစံကွက်မှာ ကောင်းအဆင့် စံကွက်ဖြစ်ပြီး ဆင်းသီဂီ စပါးမျိုး ၃ ဒသမ ၈၉ ဧက စိုက်ပျိုးထားရာ ခြောက်သွေ့ပြီး စပါးအထွက်နှုန်း တစ်ဧက ပျမ်းမျှ ၉၂ ဒသမ ၆၀ တင်းနှုန်းထွက်ရှိကြောင်း သိရှိရသည်။ (ခရိုင်မြေစာရင်းဦးစီးဌာန)

အထက(၁) သာကေတ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

အထက(၁)သာကေတတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၂ခုနှစ် ဖေဖော်ဝါရီ ၃ရက်တွင် အသက်(၆၀)ပြည့်၍ အငြိမ်းစားယူခဲ့သည့် ဆရာ ဆရာမကြီးများအား (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၆ရက် နံနက် ၉ နာရီတွင် အထက(၁)သာကေတ မြဝတီခန်းမ၌ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ကျောင်းသား ကျောင်းသူဟောင်းများဖြစ်သည့် ဦးမောင်ဝင်း ဖုန်း-၃၇၁၉၇၄ (ရုံး)၊ ၂၁၇၁၅၄(အိမ်)၊ ဦးမင်းဟန် ဖုန်း-၇၃၀-၁၃၇၉၃၊ ဦးစိုးသိန်း ဖုန်း-၃၉၂၇၀၁၊ ၀၉-၅၁၀၈၃၈၅၊ ဒေါ်အေးသန်း (မီဒီ) ဖုန်း-၅၄၁၄၇၉၊ ၀၉-၅၁၂၂၇၈၁၊ ဒေါ်အေးအေးသန်း ဖုန်း- ၅၄၇၄၀၉၊ ဦးကျော်ဇော ဖုန်း-၅၄၇၃၇၂၊ ၀၉-၅၀၈၆၃၉၄၊ ဒေါ်ကြည်ကြည်မြင့် ဖုန်း-၀၉-၅၁၃၉၇၆၂၊ ဒေါ်စိန်စိန် ဖုန်း-၇၃၀-၁၅၂၆၈၊ ဦးနီကိုလေး ဖုန်း-၅၅၇၂၉၉၊ ဒေါ်သိန်းသိန်းဌေး ဖုန်း-၀၉-၅၁၆၄၀၂၃နှင့် ဒေါ်ခင်နွဲ့ ဖုန်း-၅၅၁၄၆၅ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)